မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၈ ရက်၊ ၂၀၁၁ ခုနှစ်၊ ဩဂုတ် ၂၂ ရက်၊ တနင်္လာနေ့၊ အတွဲ (၅၀)၊ အမှတ် (၃၂၀)

အမျိုးသားရေးတာဝန်

ယနေ့ကျင်းပပြီးစီးသွားသည့် အလုပ်ရုံဆွေးနွေးပွဲ ဖော်ထုတ်ချက်များမှ တစ်ဆင့် လက်တွေ့အကောင်အထည်ဖော်ရမည့် လုပ်ငန်းအစီအမံများကို ရှေ့လုပ်ငန်းစဉ်များအဖြစ်ချမှတ်ပြီး စီးပွားရေးနှင့်လူမှုရေး ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးအတွက် မက်ခရိုစီးပွားရေးမူဝါဒမြှင့်တင်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် အစိုးရနှင့် ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းဆောင်ရွက်ကြရမည်။

အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲ

နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ပြုပြင်ပြောင်းလဲရေးဆိုင်ရာ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲ တတိယနေ့ ကျင်းပစဉ်။ (သတင်းစဉ်)

နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ပြုပြင်ပြောင်းလဲရေးဆိုင်ရာ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း ဖြည့်စွက်ရှင်းလင်းဆွေးနွေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ပြုပြင်ပြောင်းလဲရေးဆိုင်ရာ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲ အောင်မြင်စွာ ကျင်းပပြီးစီး

နေပြည်တော် ဩဂုတ် ၂၁

မြန်မာနိုင်ငံ၏ စီးပွားရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ ကျင်းပသည့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ပြုပြင်ပြောင်းလဲရေးဆိုင်ရာ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲ တတိယနေ့ အစီအစဉ်များကို ယနေ့မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(MICC)၌ ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ နိုင်ငံရေးပါတီများမှ ပုဂ္ဂိုလ်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် စာနယ်ဇင်းများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ စုံစုံညီညီ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၃ ❒

ပေပင်မြစ်ကူးတံတား စီမံကိန်း

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့် ပေပင်မြစ်ကူးတံတား စီမံကိန်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

လုပ်ငန်းများအချိန်မီပြီးစီးရေး အရှိန်အဟုန်ဖြင့် ကြိုးပမ်း လုပ်ငန်းခွင် အခက်အခဲရာယ်ကင်းရှင်းရေး ဂရုပြုဆောင်ရွက်

နေပြည်တော် ဩဂုတ် ၂၁

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်သည် ဩဂုတ် ၁၉ ရက် နံနက် ၁၁ နာရီခွဲတွင် ရန်ကုန်-ပုသိမ်လမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ထွက်ခွာလာပြီး ပုသိမ်-ငပုတောလမ်း ရှမ်းရွာဆိပ်ကမ်းမှ ရေယာဉ်ဖြင့် ဧရာဝတီတိုင်းဒေသကြီး လမ်းကွန်ရက်ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း လမ်းအမှတ်(၁၁) ပုသိမ် - ငပုတော လမ်းပေါ်ရှိ ပေပင်မြစ်ကူးတံတား စီမံကိန်းသို့ ရောက်ရှိသည်။

ဂရုပြုဆောင်ရွက်

ထို့နောက် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးကျော်သူက ပေပင်မြစ်ကူးတံတား၊ စလူချောင်းတံတားနှင့် ဝဲကြီးချောင်းတံတား တည်ဆောက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်လင်းက ဖြည့်စွက် ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းများ အချိန်မီပြီးစီးရေး အရှိန်အဟုန်

စာမျက်နှာ ၉ ကော်လံ ၁ ❖

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၁ ခုနှစ် ဩဂုတ် ၂၂ ရက်)

စက်မှုကဏ္ဍအရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်ရေး လက်တွဲညီညီဆောင်ရွက်

စက်မှုကဏ္ဍသည် နိုင်ငံခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုလျက်ရှိသည်။ စက်မှုနိုင်ငံအဖြစ် တိုးတက်ဖြစ်ထွန်းရန် နိုင်ငံတော်တစ်ဝန်း၌ စက်မှုနယ်မြေများ၊ စက်မှုဇုန်များကို တည်ဆောက်ပြီး အလုပ်ရုံ၊ စက်ရုံသစ်များကို တိုးချဲ့ဖွင့်လှစ်ဆောင်ရွက်လျက်ရှိသည်။ ပြည်တွင်းစက်မှုလုပ်ငန်းများ တိုးတက်လာခြင်းသည် အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်လာပြီး ပြည်သူများအတွက် ကောင်းမွန်ပြည့်စုံသည့် အခြေခံစီးပွားရေး အုတ်မြစ်ကောင်းများ တည်ဆောက်နိုင်ခြင်းဖြစ်သည်။

စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာ၌ တိုင်းဒေသကြီးများနှင့် ပြည်နယ်များတွင် စက်မှုဇုန် (၁၈)ဇုန် ထူထောင်ပေးနိုင်ခဲ့သည်။ စက်မှုဇုန်များမှာ မန္တလေးစက်မှုဇုန်၊ မြင်းခြံစက်မှုဇုန်၊ ရန်ကုန်(အရှေ့ပိုင်း)ခရိုင် စက်မှုဇုန်၊ ရန်ကုန်(အနောက်ပိုင်း)ခရိုင် စက်မှုဇုန်၊ ရန်ကုန်(တောင်ပိုင်း)ခရိုင် စက်မှုဇုန်၊ ရန်ကုန်(မြောက်ပိုင်း)ခရိုင် စက်မှုဇုန်၊ မိတ္ထီလာစက်မှုဇုန်၊ မြောင်းမြစက်မှုဇုန်၊ ဟင်္သာတစက်မှုဇုန်၊ မော်လမြိုင်စက်မှုဇုန်၊ မုံရွာစက်မှုဇုန်၊ တောင်ကြီးစက်မှုဇုန်၊ ရေနံချောင်းစက်မှုဇုန်၊ ပုသိမ်စက်မှုဇုန်၊ မြိတ်စက်မှုဇုန်၊ ပြည်စက်မှုဇုန်၊ ပခုက္ကူစက်မှုဇုန်နှင့် ကလေးစက်မှုဇုန်တို့ဖြစ်ကြသည်။

ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံအဖြစ် ပေါ်ထွန်းပြီး ရေရှည်ဖွံ့ဖြိုးတိုးတက်နေစေရေးတွင် အဓိကမဏ္ဍိုင်ဖြစ်သော ပုဂ္ဂလိကစီးပွားရေးကဏ္ဍ၏ တိုးတက်မှုသည် အရေးကြီးသည့်အလျောက် နိုင်ငံတော်အနေဖြင့် ပုဂ္ဂလိကအခန်းကဏ္ဍများကို ပိုမိုတိုးတက်ရန် စွမ်းဆောင်ပေးလျက်ရှိသည်။ ကုန်ထုတ်လုပ်သူများသည် သုံးစွဲသူများ စိတ်ကျေနပ်လက်ခံနိုင်သည့် အရည်အသွေးနှင့် အရည်အချင်းပြည့်မီရန် ကြိုးစားဆောင်ရွက်သွားကြရမည်ဖြစ်သည်။ ပြည်ပပို့ကုန်တင်ပို့မှု ပိုမိုတိုးတက်ပြီး သွင်းကုန်တင်သွင်းမှု လျော့ကျသွားစေရန် ဆောင်ရွက်ရမည်ဖြစ်သည်။

စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ကြရာတွင် နည်းပညာနှင့် ထုတ်လုပ်မှုမြင့်မားသည့် စက်ရုံများကို စက်မှုနယ်မြေများ၊ စက်မှုဇုန်များတွင် ထူထောင်လျက်ရှိရာ ပုဂ္ဂလိကလုပ်ငန်းရှင်များသည် နိုင်ငံတော်အစိုးရနှင့်အတူ လက်တွဲညီညီ ကြိုးပမ်းဆောင်ရွက်သွားကြပါက စက်မှုကုန်ထုတ်လုပ်ငန်းများ အရှိန်အဟုန်ဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း အကြံပြုရေးသားလိုက်ရပါသည်။ ။



ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ် (ရန်ကုန်)
စုပေါင်းသွေးလှူဒါန်း

ရန်ကုန် ဩဂုတ် ၂၁

ကျန်းမာရေးဝန်ကြီးဌာန ဆေးသိပ္ပံပညာဦးစီးဌာန ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ် (ရန်ကုန်)၏ တတိယအကြိမ် စုပေါင်းသွေးလှူဒါန်းပွဲကို ဩဂုတ် ၅ ရက် နံနက် ၉ နာရီခွဲက တက္ကသိုလ်ခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

ပြောကြား

အခမ်းအနားတွင် ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာနိုင်ဝင်းက သွေးလှူဒါန်းပွဲကျင်းပရခြင်း ရည်ရွယ်ချက်၊ ကိုယ်တွေ့သွေးလှူဒါန်းခြင်း အတွေ့အကြုံများနှင့် နိုင်ငံတော်မှ ချီးမြှင့်သော လူမှုထူးချွန်တံဆိပ်များအကြောင်းကို ပြောကြားပြီး အမျိုးသားသွေးဌာနမှ တာဝန်ခံဆရာဝန်ကြီး တွဲဖက်ပါမောက္ခ ဒေါက်တာသီတာအောင်က သွေးသွင်းကုသခြင်းလုပ်ငန်းများ၊ ဖွံ့ဖြိုးတိုးတက်လာမှုအဆင့်ဆင့်ကိုပြောကြားသည်။

သွေးလှူဒါန်း

ထို့နောက် ပါမောက္ခချုပ်၊ ကထိက၊ ဌာနမှူးများ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများ၊ (၈၃) ကြိမ်မြောက် သွေးလှူရှင်တစ်ဦး အပါအဝင် စုစုပေါင်း ၃၄ ဦးတို့၏ စုပေါင်းသွေးလှူဒါန်းမှုကို ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာ နိုင်ဝင်းနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးကြကြောင်း သိရှိရသည်။ **(ဆေးသိပ္ပံပညာဦးစီးဌာန)**

မအူပင်မြို့နယ်၌ ကျောက်ချော လမ်းခင်း

မအူပင် ဩဂုတ် ၂၁

မအူပင်မြို့နယ် ရေလဲကလေးကျေးရွာ၌ ကျေးလက်လမ်းများ ခင်းလျက်ရှိရာ ဗိုလ်ချုပ်လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းကို ဩဂုတ် ၅ ရက်က အမှုဆောင်အရာရှိ ဦးအောင်ကျော်စိုးနှင့် အင်ဂျင်နီယာ ဦးလှမျိုးဇော်တို့ ဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ကျောက်တန်းမြို့နယ် ကျောက်တန်းဘိုးဘွားရိပ်သာ ဆွမ်းပဒေသာပင်အတွက် ရွှေပျောက်ကျေးရွာအုပ်စု အဒ္ဒတ္တောကျေးရွာနေ ဦးအုန်းတင်-ဒေါ်တင်စိန်၊ သား ဦးအောင်ကျော်ခင် မိသားစုက အဘိုး ဦးမောင်အုန်း-အဘွား ဒေါ်သိန်းဇင်တို့အား ရည်စူး၍ အလှူငွေကျပ် တစ်သိန်းကို ကျောက်တန်းဘိုးဘွားရိပ်သာ ဥက္ကဋ္ဌ ဦးထွန်းလှရွှေနှင့် ဘိုးဘွားရိပ်သာအုပ်ချုပ်ရေးမှူး ဦးမြင့်အောင်တို့ထံ ပေးအပ်လှူဒါန်းစဉ်။ (မြို့နယ် ပြန်/ဆက်)

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေး
လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် ဩဂုတ် ၂၁

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၁၇ ရက် မွန်းလွဲ ၁ နာရီက စစ်တွေမြို့ရှိ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေး လုပ်ငန်း(၈)ရပ် ဆောင်ရွက်နိုင်မှု အခြေအနေများကို သက်ဆိုင်ရာဆပ်ကော်မတီအလိုက် ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများဖြစ်ကြသည့် ပြည်နယ်ဝန်ကြီးများနှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များက ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က လုပ်ငန်း(၈)ရပ်မှ ဆပ်ကော်မတီ ဥက္ကဋ္ဌ/အတွင်းရေးမှူးများ၏ ရှင်းလင်းတင်ပြချက်များအပေါ် ခြုံငုံသုံးသပ်ပြီးနောက် လုပ်ငန်းလိုအပ်ချက်များ၊ ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းအစီအမံများကို မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သားငါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အမြို့မြို့အနယ်နယ်၌ ငါးမျိုးစိုက်ထည့်

၂၁-၈-၂၀၁၁

မိုးညိုမြို့နယ်၌ စပါးခင်းအတွင်း ငါးမျိုးစိုက်ထည့်

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့နယ် ငါးလုပ်ငန်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် မိုးညိုမြို့နယ်ရှိ စပါးခင်းအတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို ဩဂုတ် ၁၈ ရက် နံနက် ၈ နာရီက မိုးညိုမြို့နယ် ဘုရားငူကျေးရွာအုပ်စု လယ်သမားကြီး ဦးရဲထွန်းနိုင်၏ စပါးခင်း၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အခမ်းအနားသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးဝေမောင်၊ မိုးညိုမြို့နယ်၏ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနန်းဦး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဒေါ်သန်းသန်းနှင့် ဝန်ထမ်းများ၊ ကျေးရွာပြည်သူများ တက်ရောက်ကြပြီး ငါးမျိုးများ စိုက်ထည့်ပေးကြသည်။

၂၀၁၁-၂၀၁၂ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် မိုးညိုမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ မိုးစပါး ၁၉၅ ဧကအတွင်း ငါးခုံးမ ၅၃၆၂၅ ကောင်၊ ရွှေဝါငါးကြင်း ၁၄၆၂၅ ကောင်၊ တီလားပီးယား ၉၂၅၀ ကောင် စိုက်ထည့်ပေးခဲ့ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

ဧရာဝတီမြစ်အတွင်း ငါးမျိုးစိုက်ထည့်

ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေး၊ သားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ငါးသယံဇာတ ထိန်းသိမ်းရေးကို ရည်ရွယ်၍ ၂၀၁၁- ၂၀၁၂ ခုနှစ်အတွက် ပခုက္ကူခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ ဧရာဝတီမြစ်အတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို ဩဂုတ် ၁၉ ရက် နံနက် ၈ နာရီက အဆိုပါရုံးခန်းမ၌ ကျင်းပရာ မကွေးတိုင်းဒေသကြီး ငါးလုပ်ငန်း ဦးစီးဌာနမှူး ဦးပေါ်လွင်၊ ခရိုင်ငါးလုပ်ငန်းဦးစီးမှူး ဦးတင်ထွန်းအောင်တို့က ငါးသားပေါက်များကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ရီ၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာရီရီမေနှင့် တက်ရောက်လာကြသူများအား ပေးအပ်သည်။

ယင်းနောက် တက်ရောက်လာကြသူများက ဧရာဝတီမြစ်အတွင်းသို့ ငါးမြစ်ချင်း(ငါးမှန်ကြီး) သိန်း ၆၀၊ ငါးမြစ်ချင်းသားပေါက် ၂ ဒသမ ၅ သိန်း တို့ကို ငါးမျိုးစိုက်ထည့်ခဲ့ကြကြောင်း သိရှိရသည်။ **(အပေါ်ပုံ) (ခရိုင် ပြန်/ဆက်)**

ကျေးလက်ဒေသဆင်းရဲမှု လျှော့နည်းပပျောက်ရေး
တောင်ငူမြို့နယ်၌ ငွေထုတ်ချေး

တောင်ငူ ဩဂုတ် ၂၁

တောင်ငူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးအတွက် လယ်ယာကုန်ထုတ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် လယ်ယာကုန်ထုတ်လုပ်ငန်း ချေးငွေများပေးအပ်ပွဲအခမ်းအနားကို ဆူးတပ်ကျေးရွာ၌ ဩဂုတ် ၁၈ ရက် ညနေ ၃ နာရီက ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။

လက်ခံယူ

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရးမှူး ဦးတင့်အောင်က ငွေထုတ်ချေးခြင်းနှင့်စပ်လျဉ်း၍ပြောကြားပြီး ကျေးရွာရှိ တောင်သူလယ်သမားများအတွက် ချေးငွေများပေးအပ်ရာ ကိုယ်စားလှယ်တစ်ဦးက လက်ခံယူသည်။ ထိုနေ့က ဆူးတပ်ကျေးရွာမှ တောင်သူလယ်သမား ၁၄၂ ဦးအား ငွေကျပ်၂၁၅၃၅၀၀၀ ကို ထုတ်ချေးပေးခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ် ထွေ/အုပ်)**

(၁၉)ကြိမ်မြောက် နိကာယ်စာမေးပွဲ အောင်စာရင်းများ ထုတ်ပြန်ကြေညာ

နေပြည်တော် ဩဂုတ် ၂၁

သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက (၁၉)ကြိမ်မြောက် နိကာယ်စာမေးပွဲကြီးကို တစ်ပြည်လုံးရှိ ခွင့်ပြုစာဖြေဌာန (၇၁)ဌာနတို့၌ ၂၀၁၁ ခုနှစ် ဇွန် ၇ ရက်မှ ၁၁ ရက်အထိ ငါးရက်တိုင်တိုင် ကျင်းပခဲ့သည်။

(ယမန်နေ့မှ အဆက်)

အဘိဓမ္မပိဋက (အဘိဓမ္မာပထမပိုင်း) နှစ်ကျမ်းအောင် ၁၅ပါးအနက် ပထမ၊ ဒုတိယ၊ တတိယရရှိသော အထူးအောင်ပုဂ္ဂိုလ်များမှာ ခုံအမှတ်ဗဟ-၁ အရှင်ပညာနန္ဒာလင်္ကာရ အသက် (၂၃)နှစ် ဘ-ဦးမြင့်အောင် မဟာဝိသုဒ္ဓါရုံ ရွှေကျင်ကျောင်းတိုက် ဗဟန်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီး (ပထမ)၊ ခုံအမှတ် ဒဂတ-၁၃၊ အရှင်နေမိန္ဒ အသက်(၂၇)နှစ် ဘ-ဦးကျော်ဆွေ နိကာယ်စာသင်တိုက်၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် ရန်ကုန်တိုင်းဒေသကြီး (ဒုတိယ)နှင့် ခုံအမှတ် ပခ-၁ အရှင်ကုန္ဒဝံသ အသက်(၂၈)နှစ် ဘ-ဦးကျော်ရင် သာမဏေကျော် ပရိယတ္တိစာသင်တိုက်၊ ပဲခူးမြို့ ပဲခူးတိုင်းဒေသကြီး (တတိယ)တို့ ဖြစ်ကြသည်။

အုပ်စု(၁) ခုဒ္ဒကနိကာယ (ဝိနယပိဋက) ဝိနည်းအဋ္ဌကထာ (မဟာ ဝိဒူတန်း) သုံးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင် ငါးပါး၊ နှစ်ကျမ်းအောင် တစ်ပါး၊ တစ်ကျမ်းအောင်ငါးပါးတို့ ဖြစ်ကြသည်။ ဝိနည်းအဋ္ဌကထာ သုံးကျမ်း အောင် ငါးပါးမှာ ခုံအမှတ် စက-၂ အရှင်ခေမိန္ဒ အသက်(၃၄)နှစ် ဘ-ဦးထွန်းလင်း၊ တိပိဋကနိကာယကျောင်းတိုက် မင်းကွန်း စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီး ခုံအမှတ် ပခ-၁ အရှင်သုဇနာလင်္ကာရ အသက်(၃၁)နှစ် ဘ- ဦးပြေချစ်၊ သာမဏေကျော် ပရိယတ္တိစာသင်တိုက် ပဲခူးမြို့ ပဲခူးတိုင်းဒေသကြီး၊ ခုံအမှတ် ဒဂတ-၁ အရှင်ဇဝန အသက်(၃၁)နှစ် ဘ-ဦးသန်းထွန်း နိကာယ်စာသင်တိုက် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ရန်ကုန်တိုင်းဒေသကြီး၊ ခုံအမှတ် ဗဟ- ၁ အရှင်ဝဇိရပါဏီလင်္ကာရ အသက်(၃၂)နှစ် ဘ-ဦးဖိုးအေး မဟာဝိသုဒ္ဓါရုံ ရွှေကျင်ကျောင်းတိုက် ဗဟန်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီးနှင့် ခုံအမှတ် ဗဟ-၂ အရှင်ခေမိကာလင်္ကာရ အသက် (၃၆)နှစ် ဘ-ဦးသာလှ မဟာဝိသုဒ္ဓါရုံ ရွှေကျင်ကျောင်းတိုက် ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတို့ဖြစ်ကြသည်။

အုပ်စု(၂)ဒီဃနိကာယ (သုတ္တန္တပိဋက)ဒီဃနိကာယ အဋ္ဌကထာ (မဟာဝိဒူတန်း) သုံးကျမ်းအောင် နှစ်ပါးဖြစ်သည်။ ဒီဃနိကာယ အဋ္ဌကထာသုံးကျမ်း အောင် နှစ်ပါးမှာ ခုံအမှတ် စက-၁ အရှင်အဘိဇာတာ ဘိဝံသ အသက် (၄၃)နှစ် ဘ-ဦးတင်ရ မဟာသုဗောဓာရုံကျောင်းတိုက် စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်း ဒေသကြီးနှင့် ခုံအမှတ် ဒဂရ-၁ အရှင်ပညာဝံသာလင်္ကာရ အသက်(၃၆)နှစ် ဘ- ဦးချစ်ဖေ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက် ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် ရန်ကုန်တိုင်းဒေသကြီးတို့ ဖြစ်ကြသည်။

အုပ်စု(၃)မဇ္ဈိမနိကာယ(သုတ္တန္တပိဋက) မဇ္ဈိမနိကာယအဋ္ဌကထာ (မဟာ ဝိဒူတန်း)သုံးကျမ်းအောင် တစ်ပါးဖြစ်သည်။ မဇ္ဈိမနိကာယ အဋ္ဌကထာ သုံးကျမ်း အောင် (၁)ပါးမှာ ခုံအမှတ်သဆ-၁ အရှင်ဝဏ္ဏိတာလင်္ကာရ အသက် (၄၅)နှစ် ဘ-ဦးပေါ်အေး မဟာဂန္ဓာရုံကျောင်းတိုက် သုံးဆယ်မြို့ ပဲခူးတိုင်းဒေသကြီးဖြစ်သည်။

(၁၉)ကြိမ်မြောက် နိကာယ်စာမေးပွဲတွင် အုပ်စု(၇)ခုနှင့် မဟာဝိဒူ တန်းတို့တွင် ကျမ်းစဉ်အလိုက် အောင်မြင်ကြသူပေါင်းမှာ ၁၄၂၁ ပါးဖြစ်သည်။

ယင်းအောင်စာရင်းအပြည့်အစုံကို ပြည်နယ်/တိုင်းဒေသကြီးရှိရာ သာသနာ ရေးမှူးရုံးများ၊ စာဖြေဌာနရှိရာ မြို့နယ်သံဃနာယကအဖွဲ့များ၊ မြို့နယ်အုပ်ချုပ် ရေးမှူးရုံးများ၌ ကြည့်ရှုနိုင်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

ဥတုရာသီ တောက်မှိ၏

❒ **ရှေ့ဖုံးမှ**

ယနေ့အလုပ်ရုံဆွေးနွေးပွဲ၌ အပိုင်း (၆) မက်ခရိုစီးပွားရေးဖွံ့ဖြိုးတိုးတက် ရေးဆိုင်ရာ မဟာဗျူဟာနှင့်ရှေ့လုပ်ငန်း စဉ်များ ဖော်ထုတ်ခြင်းကဏ္ဍတွင် သဘာပတိအဖြစ် နိုင်ငံတော်သမ္မတရုံး အကြံပေးပုဂ္ဂိုလ် ဒေါက်တာဦးမြင့်က ဆောင်ရွက်ပြီး အလုပ်ရုံဆွေးနွေးပွဲ၌ စာတမ်းရှင်များ၏ တင်ပြဆွေးနွေးချက် များအနက်မှ အရေးကြီးသည့်အချက်များ အပေါ် သုံးသပ်ရှင်းလင်းဆွေးနွေးသည်။

သုံးသပ်ဆွေးနွေး

ဆက်လက်၍ အလုပ်ရုံဆွေးနွေးပွဲ တွင် အပိုင်း(၂)သဘာပတိအဖြစ် ဆောင် ရွက်ခဲ့သော သံအမတ်ကြီး (အငြိမ်းစား) ဦးကျော်တင့်ဆွေက နိုင်ငံတော်၏စီးပွားရေး အခြေခံများကဏ္ဍ၌ စာတမ်းရှင်ငါးဦး တင်သွင်းခဲ့သည့် စာတမ်းငါးစောင်နှင့် ပတ်သက်၍လည်းကောင်း၊ အပိုင်း(၃) သဘာပတိအဖြစ် ဆောင်ရွက်ခဲ့သော သံအမတ်ကြီး (အငြိမ်းစား) ဦးလှမောင် က ဝန်ဆောင်မှုနှင့်အလုပ်အကိုင်အခွင့် အလမ်းများကဏ္ဍ၌ စာတမ်းရှင်ငါးဦး တင်သွင်းခဲ့သည့် စာတမ်းငါးစောင်နှင့် ပတ်သက်၍လည်းကောင်း၊ အပိုင်း(၄) သဘာပတိအဖြစ် ဆောင်ရွက်ခဲ့သော နိုင်ငံတော် သမ္မတရုံးအကြံပေးပုဂ္ဂိုလ် ဦးဆက်အောင်က ကုန်သွယ်ရေးနှင့်ရင်းနှီး မြှုပ်နှံမှုအခွင့်အလမ်းများကဏ္ဍ၌ စာတမ်း ရှင်ငါးဦး တင်သွင်းခဲ့သည့် စာတမ်း ငါးစောင်နှင့်ပတ်သက်၍လည်းကောင်း၊ အပိုင်း(၅) သဘာပတိအဖြစ် ဆောင်ရွက် ခဲ့သော မြန်မာ့အရှေ့တိုင်းဘဏ်ဥက္ကဋ္ဌ ဦးမြသန်းက ဘဏ္ဍာရေးနှင့်ငွေကြေး ပေါ်လစီဆိုင်ရာဆောင်ရွက်မှုများကဏ္ဍ၌ စာတမ်းရှင်လေးဦး တင်သွင်းခဲ့သည့် စာတမ်းလေးစောင်နှင့် ပတ်သက်၍ လည်းကောင်း စာတမ်းရှင်များ၏ တင်ပြ ချက်၊ အကြံပြုချက်နှင့် လက်တွေ့ ဆောင်ရွက်ရန် အကြံပြုချက်များကို ကဏ္ဍအလိုက်ဖော်ထုတ်သုံးသပ်ဆွေးနွေး ကြသည်။

နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုး တိုးတက်မှုအတွက် ပြုပြင်ပြောင်းလဲ ရေးဆိုင်ရာ အမျိုး သား အဆင့် အလုပ်ရုံ ဆွေးနွေး ပွဲတွင် ပြည် ထောင်စု ဝန်ကြီး ဦးစိုးသိန်း ဖြည့် စွက် ရှင်းလင်း ဆွေးနွေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ပြုပြင် ပြောင်းလဲရေးဆိုင်ရာ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲ၌ အပိုင်း(၆)မက်ခရိုစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မဟာ ဗျူဟာနှင့် ရှေ့လုပ်ငန်းစဉ်များ ဖော်ထုတ်ခြင်းကဏ္ဍတွင် သဘာပတိအဖြစ် နိုင်ငံတော်သမ္မတရုံး အကြံပေးပုဂ္ဂိုလ် ဒေါက်တာဦးမြင့် ဆောင်ရွက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ပြုပြင် ပြောင်းလဲရေးဆိုင်ရာ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲတွင် အပိုင်း(၄) သဘာပတိအဖြစ် ဆောင်ရွက်ခဲ့သော နိုင်ငံတော် သမ္မတရုံး အကြံပေးပုဂ္ဂိုလ် ဦးဆက်အောင် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများကဏ္ဍ၌ စာတမ်းရှင်ငါးဦး တင်သွင်းခဲ့သည့် စာတမ်းငါးစောင်နှင့်ပတ်သက်၍ ဆွေးနွေးစဉ်။ (သတင်းစဉ်)

အကြံပြုဆွေးနွေး

ထို့နောက် ခေတ်သစ်ပြည်သူ့ပါတီမှ ဦးထွန်းအောင်ကျော်၊ စီမံကိန်းစိစစ် ရေးနှင့်တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်မျိုး၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ အတွင်းရေးမှူး ဦးကိုကို၊ ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးပါတီမှ ဦးစိုးမောင်နှင့် မင်္ဂလာမြန်မာအသင်းမှ ဒေါက်တာဖုန်း ဝင်းတို့က သိရှိလိုသည်များကို မေးမြန်း ကြပြီး ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ ပါမောက္ခ(အငြိမ်းစား)ဒေါ်ရီရီမြင့်၊ နိုင်ငံခြား စီးပွားဆက်သွယ်ရေးဦးစီးဌာနမှ ညွှန်ကြား ရေးမှူး ဒေါက်တာ ဒေါ်ဝါဝါမောင်၊ ပထမ ပုဂ္ဂလိကဘဏ်လီမိတက်ဥက္ကဋ္ဌ ဒေါက်တာ စိန်မောင်၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း ဥက္ကဋ္ဌ ဒေါက်တာစိန်မြင့်၊ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ (အငြိမ်းစား) ဒေါက်တာသန်းညွန့်နှင့် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌဦးဝင်းအောင်တို့က ဝိုင်းဝန်းအကြံပြု ဆွေးနွေးကြသည်။

အောင်မြင်စွာကျင်းပ

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး များဖြစ်ကြသော ဦးစိုးသိန်းနှင့် ဦးလှထွန်း တို့က ဖြည့်စွက်ရှင်းလင်းဆွေးနွေးကြပြီး ညနေ ၃ နာရီတွင် အလုပ်ရုံဆွေးနွေးပွဲ အောင်မြင်စွာ ကျင်းပပြီးစီးခဲ့သည်။

ယနေ့ကျင်းပပြီးစီးသွားသည့် အလုပ်ရုံ ဆွေးနွေးပွဲဖော်ထုတ်ချက်များမှတစ်ဆင့် လက်တွေ့ အကောင်အထည်ဖော်ရမည့် လုပ်ငန်းအစီအမံများကို ရှေ့လုပ်ငန်းစဉ် များအဖြစ် ချမှတ်ပြီး စီးပွားရေးနှင့် လူမှု ရေး ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးအတွက် မက်ခရိုစီးပွားရေး မူဝါဒမြှင့်တင်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် အစိုးရနှင့် ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်သည်။

(သတင်းစဉ်)

မေးမြန်း

စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှု အစီရင်ခံရေးဦးစီးဌာန ညွှန်ကြားရေး မှူးချုပ် ဒေါက်တာအောင်မျိုး မေးမြန်းစဉ်။ (သတင်းစဉ်)

နိုင်ငံခြားစီးပွား ဆက်သွယ်ရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာ ဒေါ်ဝါဝါမောင် ဆွေးနွေး စဉ်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၂-၈-၂၀၁၁ (တနင်္လာနေ့)

နံနက်ပိုင်း

- ၅း၀၀ MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော် + ရတနသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၅၀ **ကံနှင့်ဝိပါက် ဘယ်ဟာ ကြောက်စရာကောင်းလဲ** တရားတော် (ဆရာတော်အရှင်ပုညာနန္ဒ)
- ၆း၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၁၀၃)
- ၇း၃၀ MRTV-4 သတင်း
- ၈း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျှဉ်းပြိုင်** (အပိုင်း-၄၅)
- ၈း၅၀ ဗုဒ္ဓနှစ်(၂၆၀၀)ပြည့်မြောက် ဆွမ်းဆက်ကပ်လှူဒါန်းပွဲ
- ၉း၀၅ ကြည်နူးဝမ်းသာ သာဓုခေါ်စရာ မုံရွာမြို့မှ အလှူတော်မင်္ဂလာ
- ၉း၁၅ နိဗ္ဗာန်အကျိုးမျှော်လှူဒါန်းသော် ကျောင်းရေစက်ချအလှူတော်
- ၉း၃၀ Intellectual Talk (Change Management)
- ၁၀း၃၅ နယည်ဆန်းထွင်ပန်းအလှဆင် (ပန်းကိုင်းများဖြင့် တြိဂံပုံဒီဇိုင်း အလှပြင်ဆင်ပုံ)
- ၁၁း၀၀ Celebrity Choice (အိမ့်ချစ်)
- ၁၁း၃၅ A Journey to Korea (Part-2)
- ၁၁း၅၀ MRTV- 4 ကာတွန်းအစီအစဉ်
- ၁၂း၁၀ မြတ်နိုးဖွယ်ရာ မြန်မာကဗျာ (မြင်းမူမောင်နိုင်မိုး)
- ၁၂း၃၅ သကျမိတာ စာသင်တိုက်စာအောင် ဘွဲ့တံဆိပ်ရ သာသနာ့အာဇာနည် ချီးကျူးပူဇော်ပွဲ
- ၁း၀၀ **ကံနှင့်ဝိပါက် ဘယ်ဟာ ကြောက်စရာကောင်းလဲ** တရားတော် (ဆရာတော်အရှင်ပုညာနန္ဒ)
- ၂း၀၀ MRTV-4 သတင်း
- ၂း၂၀ ရွှေမန္တလာမြေမှ သာသနာ့အလင်းရောင်
- ၂း၄၅ ဆန်းရွှေပြည်၏ သပြေပင်ရွာမှ အလှူတော်မင်္ဂလာ
- ၃း၀၀ ပျော်ရွှင်ဖွယ်ရာ Amusement Park
- ၃း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၁၀၃)
- ၄း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျှဉ်းပြိုင်** (အပိုင်း-၄၅)
- ၅း၀၀ Activities in the City (ဂီတစာဆိုမျိုးနွယ်ဆွေ၏ သေချာလို့ပြောတာပါ တေးစီးရီး ဖြန့်ချိခြင်း)
- ၅း၂၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ Sunday Talk [မောင်လူမွေး(မြန်မာမှု)၊မျိုးမြတ်သူ]
- ၆း၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၁၀၄)
- ၇း၃၀ ဗီဒီယိုပြခန်း
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ စကားနပန်း (ကြီးရင်မှီတာကောင်းတယ်၊ ငယ်ရင်ချီတာကောင်းတယ်)
- ၉း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျှဉ်းပြိုင်** (အပိုင်း-၄၆)
- ၁၀း၂၀ အနုပညာမိုးကောင်းကင်
- ၁၀း၄၀ အလှဂုဏ်ဆောင်လူကြိုက်များ မြန်မာ့ဂုဏ်ရောင် မင်းဟန်ကျောက်စိမ်းပြား
- ၁၁း၅၅ Box Office Movies (The Curious Case of Benjamin Button)
- ၁၁း၂၅ စိုက်ပျိုးအောင်မြင်… စပ်ခရမ်းချဉ်
- ၁၁း၃၅ ကြည်နူးစရာလက်ဆောင်အဖြာဖြာ (Lucky Prize Floral Service)
- ၁၂း၀၀ **တစ်ပြည်ဝင်အိုး** ဖော်ဦး၊ခိုင်ခန့်၊အာကာစိုး၊နွဲ့နွဲ့မူ၊ မျိုးစန္ဒီကျော် ဒါရိုက်တာ-ဝင်းမောင်ရွှေ(Art)
- ၁၂း၂၀ ဝါးယင်းလိပ်ရဲ့ ယင်းပန်းချီအလှ
- ၁၂း၄၅ ကလေးများအတွက်ပါးစပ်ထဲမှ သွားကလေးများအကြောင်း သိကောင်းစရာ (ဒေါက်တာမိုလာ)
- ၁း၀၀ ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာဘုတ်ဘုတ်)
- ၁း၂၅ အရည်အသွေးပြည့်ဝသည့် သာယာဝတီမြို့မှ စက်မှု(၁)၏ကြွေပြားအလှ
- ၁း၄၅ Celebrity Profile (Avirl Lavigne)
- ၂း၂၀ အလှဆင်စရာ ပရိဘောဂကမ္ဘာ (Universal Light)
- ၂း၃၀ Shooting Location (ဦးမောင်မောင်ကြီးအိမ်)
- ၂း၅၅ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၃း၅၅ Japan Video Topics (Paradise of Flower)
- ၄း၀၀ ဆေးဖက်ဝင်သစ်ခွ၏ အသုံးဝင်မှုများထဲမှ…
- ၄း၁၅ သာယာဖွံ့ဖြိုး… တိုးတက်ဝေစည်…ဓညဝတီ
- ၄း၄၀ ပတ္တမြားမြေမှ ကြည်ညိုသပ္ပာယ်ဖွယ်ရာ တန်ခိုးကြီးစေတီများ
- ၄း၅၀ ထာဝရရှင်သန်ဖူးပွင့်နေမည့် သာသနာ့ဥယျာဉ်
- ၅း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁း၂၅	Man U- Spurs	ESPN (Live)

စစ်တောင်းနှင့် ဝေါန်မြစ်ရေ အခြေအနေ

နေပြည်တော် ဩဂုတ် ၂၁

စစ်တောင်းမြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ တောင်ငူမြို့၌ ၆၀၆ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၆စင်တီမီတာ(ဝဒသမ၂ပေခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့ မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ် ၆၀၀ စင်တီမီတာ အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

စစ်တောင်းမြစ်ရေသည် ယနေ့တိုင်းထွာချက်အရ မဒေါက်မြို့၌ ၁၁၃၆စင်တီ မီတာသို့ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၆၆စင်တီမီတာ (၂ဒသမ၂ပေခန့်) ကျော်လွန်နေသည်။ အဆိုပါ မြစ်ရေသည် ယနေ့မွန်းတည့်မှနောက် ၇၂နာရီအတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ် ၁၀၇၀ စင်တီမီတာအထက်တွင် ဆက်လက်တည်ရှိနိုင် သည်။

သတင်းထုတ်ပြန်

ဝေါန်မြစ်ရေသည် ယနေ့တိုင်းထွာချက်အရ ငါးသိုင်းချောင်းမြို့၌ ၁၁၇၈ စင်တီ မီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၄၈ စင်တီမီတာ (၁ဒသမ ၆ပေခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၇၂ နာရီအတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ် ၁၁၃၀စင်တီမီတာအထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

အရှေ့တောင်အာရှဒေသ၌ ကားအများဆုံး ထုတ်လုပ်သည့်နိုင်ငံ အင်ဒိုနီးရှားဖြစ်လာမည်

ဂျကာတာ ဩဂုတ် ၂၁

အင်ဒိုနီးရှားနိုင်ငံသည် မကြာမီ အရှေ့တောင်အာရှတွင် မော်တော်ကားထုတ်လုပ်မှု အများဆုံးနိုင်ငံ ဖြစ်လာမည်ဖြစ်ကြောင်း၊ မော်တော်ကားထုတ်လုပ်မှုအတွက် ရင်းနှီးမြှုပ်နှံမှုများ တိုးမြင့်လာမည်ဖြစ်ကြောင်း အင်ဒိုနီးရှားအရာရှိများက ဩဂုတ် ၂၁ ရက်၌ ပြောကြားသည်။ (ဝဲပုံ)

အင်ဒိုနီးရှားနိုင်ငံတွင် ယခုနှစ်၌မော်တော်ကားထုတ်လုပ်မှုကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ တစ်ဘီလီယံအထိရှိမည်ဟု မျှော်မှန်းထားသည်။ အမေရိကန်၊ ဂျပန်၊ ဂျာမနီနှင့် အိန္ဒိယနိုင်ငံများမှ မော်တော်ကားထုတ်လုပ်သည့်ကုမ္ပဏီများက အင်ဒိုနီးရှားနိုင်ငံတွင် မော်တော်ကားထုတ်လုပ်သော စက်ရုံများတိုးချဲ့တည်ဆောက်သွားရန် စီစဉ်လျက်ရှိသည်။ ယခုအခါ မော်တော်ယာဉ်ထုတ်လုပ်သည့်စက်ရုံ အများစုမှာ ဘီကာစီ၊ ကာရာဝမ်နှင့် အနောက်ဂျာဗားပြည်နယ်များတွင်ရှိကြပြီး ၎င်းပြည်နယ်များသည် နိုင်ငံမြို့တော် ဂျကာတာ၏အရှေ့ဘက်တွင် တည်ရှိသည်။ အင်ဒိုနီးရှားနိုင်ငံတွင် ယခုနှစ်အတွက် မော်တော်ကားစီးရေ ၈၅၀၀၀၀ ထုတ်လုပ်ရန်လျာထားပြီး ၂၀၁၂ခုနှစ်တွင် စီးရေ ၉၅၀၀၀၀ ထုတ်လုပ်ရန်လျာထားခဲ့ရာ ထိုင်းနိုင်ငံက ထုတ်လုပ်ရန်လျာထားသည့် စီးရေ ၈၅၀၀၀၀ ထက်ကျော်လွန်သွားမည်ဖြစ်ကြောင်း သိရသည်။

ရင်းနှီးမြှုပ်နှံမည်

ဂျပန်နိုင်ငံမှ မော်တော်ကားထုတ်လုပ်သည့် နစ်ဆန်းနှင့် ဆူဇူကီးကုမ္ပဏီများကလည်း အင်ဒိုနီးရှားနိုင်ငံ၌ မော်တော်ကားထုတ်လုပ်ရေးအတွက် အမေရိကန်ဒေါ်လာ သန်း ၂၅၀ နှင့် ဒေါ်လာသန်း ၈၀၀ ခန့်ရင်းနှီးမြှုပ်နှံမည်ဟု ကြေညာခဲ့သည်။ ဂျာမနီမှဘီအမ်ဒဗလျူကားကုမ္ပဏီကလည်း အင်ဒိုနီးရှားနိုင်ငံတွင် ကားထုတ်လုပ်ရေးစက်ရုံ တစ်ရုံတည်ဆောက်ရန် အမေရိကန်ဒေါ်လာ ၁၂ သန်းရင်းနှီး မြှုပ်နှံမည်ဖြစ်သည်။ **(အင်တာနက်)**

နေတိုးဦးဆောင်အဖွဲ့၏လေယာဉ် အာဖဂန်နစ္စတန်အရှေ့ပိုင်း၌ ပျက်ကျ

ဂျာလာလာဘတ် ဩဂုတ် ၂၁

နေတိုးဦးဆောင်သည့် နိုင်ငံတကာလုံခြုံရေးတပ်ပေါင်းစု (ISAF) ပိုင်မောင်းသူမဲ့လေယာဉ်**(ယာပုံ)**တစ်စင်း အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်း နန်ဂါဟာပြည်နယ်တွင် ပျက်ကျခဲ့သည်ဟု ပြည်နယ်အုပ်ချုပ်ရေးဌာန ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ဩဂုတ် ၂၁ ရက်၌ ပြောကြားသည်။

"ပြည်နယ်မြို့တော် ဂျာလာလာဘတ်အနီးက အရန်ဂိုဘတ်ချ်နယ်မြေမှာ မောင်းသူမဲ့လေယာဉ်ဟာ စနေနေ့ည ၉ နာရီခန့်က ပျက်ကျခဲ့တာပါ "ဟုပြောရေးဆိုခွင့်ရှိသူ အာမတ်ဇီယာအဒူဇိုင်းက ဆင်ဟွာသို့ ပြောကြားသည်။

ကနဦးစစ်ဆေးချက်အရ လေယာဉ်ပျက်ကျရာမြေပြင်တွင်လည်း အသေအပျောက်မရှိကြောင်း အဒူဇိုင်းကပင် ဆက်လက်ပြောကြားခဲ့သည်။

ပစ်ချ

တာလီဘန်ဘက်မှ ပြောရေးဆိုခွင့်ရှိသူဟုဆိုလာသူ ဇာဘီဟူလာ့မူဂျာဟစ်ဆိုသူက ထိုမောင်းသူမဲ့လေယာဉ်ကို လက်နက်ကိုင်များက ပစ်ချခဲ့ခြင်းဖြစ်သည်ဟု ဒေသတွင်းသတင်းဌာနသို့ လျှို့ဝှက်တစ်နေရာမှ တယ်လီဖုန်းဖြင့် အကြောင်းကြားခဲ့သည်။

သို့သော် (ISAF) ပြန်ကြားရေးဌာနက ရန်သူပစ်ခတ်မှုကြောင့် ပျက်ကျခြင်းကို ငြင်းဆိုထားပြီး နည်းပညာချွတ်ယွင်းမှုကြောင့် ထိုမောင်းသူမဲ့လေယာဉ်ပျက်ကျခြင်းသာဖြစ်သည်ဟု ပြောကြားခဲ့သည်။ **(အင်တာနက်)**



နိုင်ငံတကာသတင်းအတိုအထွာ ၂၁-၈-၂၀၁၁

တင်မောင်လွင်-ရေးသားသည်

ဗင်နွာတူနိုင်ငံတွင် အင်အားပြင်းငလျင်လှုပ်

ဗင်နွာတူနိုင်ငံတွင် ဩဂုတ် ၂၀ ရက် ပေကျင်းစံတော်ချိန် ၁၂ နာရီ ၅၅ မိနစ်က ရစ်ချ်တာစကေး ၇ ဒသမ ၅ အဆင့်ရှိ အင်အားပြင်းငလျင်တစ်ခုလှုပ်သွားကြောင်း အမေရိကန် ဘူမိဗေဒဆိုင်ရာတိုင်းတာရေးအဖွဲ့က ဩဂုတ် ၂၁ ရက်၌ ပြောကြားသည်။ ယင်းငလျင်သည် ဗင်နွာတူနိုင်ငံ ပေ့ါဗီလာမြို့၏ အရှေ့တောင်ဘက် ၆၂ ကီလိုမီတာခန့်အကွာ မြေအောက်အနက် ၄၀ ဒသမ ၆ ကီလိုမီတာကို ဗဟိုပြု၍ လှုပ်ခတ်သွားခြင်းဖြစ်သည်။ ***(အင်တာနက်)***

အမေရိကန်နိုင်ငံ၌ မိုးသည်းထန်ပြီး ရေကြီး

အမေရိကန်နိုင်ငံ ပင်ဆယ်ဗေးနီးယားပြည်နယ်တွင် ဩဂုတ် ၁၉ ရက်က မုန်တိုင်းတိုက်ခတ်ပြီး မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးမှုများဖြစ်ပေါ်ကာ အနည်းဆုံး လူသုံးဦးသေဆုံးပြီး လေးဦးမှာပျောက်ဆုံးနေဆဲဖြစ်ကြောင်း အင်တာနက်သတင်းတစ်ရပ်တွင် ဖော်ပြသည်။ အဆိုပါရေကြီးမှုကြောင့် အမျိုးသမီးတစ်ဦးနှင့် ကလေးနှစ်ဦးတို့သည် ၎င်းတို့၏ကားနှင့်အတူ ရေထဲမျောပါသွားပြီး သစ်ပင်တစ်ပင်နှင့် တိုက်မိပြီး သေဆုံးခဲ့ကာ အခြားလူလေးဦးမှာ ပျောက်ဆုံးနေဆဲဖြစ်ကြောင်း၊ ရေများ ၎င်းဒေသနေရာအချို့တွင် အမြင့်ပေ သုံးမီတာကျော် ရောက်ရှိကာ အနီးဝန်းကျင်ရှိ ဆေးရုံများ၊ ကျောင်းများနှင့် စက်ရုံများကို လျှပ်စစ်ဓာတ်အားလိုင်းများ ဖြတ်တောက်ထားရကြောင်း သိရှိရသည်။ *(အင်တာနက်)*

ကမ္ဘောဒီးယား၌ A(H5N1) ဖြင့် သေဆုံးသူ ရှစ်ဦးရှိလာ

ကမ္ဘောဒီးယားနိုင်ငံ ကမ့်ပွန်းချန်ပြည်နယ်တွင် အသက်ခြောက်နှစ်အရွယ်ရှိ မိန်းကလေးတစ်ဦးသည် ဩဂုတ် ၂၀ ရက်က A (H5N1) ရောဂါပိုး ကူးစက်ခံရမှုကြောင့် သေဆုံးသွားခဲ့ကြောင်း၊ အဆိုပါမိန်းကလေးသည် ဖနောင်ပင်မြို့ အရှေ့ဘက် ကီလိုမီတာ ၁၂၀ခန့်ရှိ ချောင်ပရေးခရိုင် တန်သလွန်ရွာတွင် နေထိုင်သူဖြစ်ကြောင်း၊ ဖနောင်ပင်မြို့ ကလေးဆေးရုံ၌ သေဆုံးသွားခဲ့ကြောင်း၊ ကမ္ဘောဒီးယား၌ ယခုနှစ်အတွင်း ၎င်းရောဂါကြောင့် စုစုပေါင်းသေဆုံးသူ ရှစ်ဦးရှိပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။ ***အမ်အင်န်အေ၊ ဆင်ဟွာ***

တရုတ်မြောက်ပိုင်းရှိ ဆေးရုံတစ်ရုံ၌ ပေါက်ကွဲမှုဖြစ်ပွား

တရုတ်နိုင်ငံမြောက်ပိုင်း ချန်ဇီမြို့ရှိ ဆေးရုံတစ်ရုံတွင် ဩဂုတ် ၁၉ ရက်က ဘွိုင်လာခန်းတစ်ခုအတွင်း ပေါက်ကွဲမှုဖြစ်ပွားရာ သုံးဦးသေဆုံးပြီး ၁၇ ဦး ဒဏ်ရာရရှိကြောင်း၊ နှစ်ဦးမှာ ဒဏ်ရာပြင်းထန်ကြောင်း ဩဂုတ် ၂၁ ရက်တွင် ဒေသအာဏာပိုင်များက ပြောကြားခဲ့သည်။ *(အင်တာနက်)*

မြန်မာ့အလင်း နောက်ဆုံးရ နိုင်ငံတကာသတင်း

မြန်နှုန်းမြင့် တာဝေးပစ်ဒုံးကျည် အီရန်စမ်းသပ် ပစ်လွှတ်မည်

မိုးမြင့်လင်းလက် — စုစည်းသည်

တီဟီရန် ဩဂုတ် ၂၁

အီရန်စစ်ဘက်က ယခုဩဂုတ်လကုန်တွင် မြန်နှုန်းမြင့် တာဝေးပစ်ဒုံးကျည်သစ်တစ်စင်းကို စမ်းသပ်ပစ်လွှတ်မည်ဖြစ်ကြောင်း ပရက်စ်တီဗွီသတင်းဌာနက ဩဂုတ် ၂၁ ရက်၌ သတင်းထုတ်ပြန်သည်။ **(ဝဲပုံ)**

အဆိုပါ တာဝေးပစ်ဒုံးကျည်သစ်သည် အီရန်နိုင်ငံက ယခင်ထုတ်လုပ်ခဲ့သော တာဝေးပစ်ဒုံးကျည်များထက် အရည်အသွေးပိုမိုကောင်းမွန်ပြီး စွမ်းဆောင်ရည်မြင့်မားကြောင်း အီရန်ကာကွယ်ရေးဝန်ကြီးဌာန သုတေသနသိပ္ပံ ဒုတိယအကြီးအကဲ မိုဟာမက်အီစလာဗီက ပြောကြားသည်။

ယင်းဒုံးကျည်သစ်သည် ရန်သူပစ်မှတ်များကို လျင်မြန်ထိရောက်စွာ တိုက်ခိုက်နိုင်ကြောင်း၊ မိုးကြိုးပစ်ပြီးနောက် မြင်တွေ့ရသည့် အလင်းဖြစ်ပေါ်မှု မြန်နှုန်းအတိုင်း ပစ်မှတ်များသို့ ရောက်ရှိနိုင်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ အီရန်စစ်ဘက်သည် ပြီးခဲ့သည့် ဇူလိုင်လက ကီလိုမီတာ ၁၉၀၀ အကွာအဝေးသို့ ပစ်ခတ်နိုင်သော တာဝေးပစ်ဒုံးကျည် နှစ်စင်းကို အီရန်နိုင်ငံ ဆမ်နန်ပြည်နယ်အလယ်ပိုင်း သဲကန္တာရမှ အိန္ဒိယသမုဒ္ဒရာအတွင်းသို့ အောင်မြင်စွာ စမ်းသပ်ပစ်ခတ်ခဲ့သည်။ တစ်ဖန် ပြီးခဲ့သည့်ဇွန်လကလည်း ရေဒါစနစ်သုံး တိုက်ခိုက်ရေးဒုံးကျည်များကို စမ်းသပ်ပစ်ခတ်ခဲ့သည်။ ထိုသို့တာဝေးပစ်ဒုံးကျည်သစ်များ စမ်းသပ်ပစ်ခတ်ခြင်းသည် အီရန်နိုင်ငံကာကွယ်ရေးအတွက် အရည်အသွေးမြင့်ဒုံးကျည်များ ဖြည့်ဆည်းနိုင်ရန်ဖြစ်ကြောင်း သတင်း၌ဖော်ပြသည်။ **(အင်တာနက်)**

ကနေဒါ၌ ဘိုရင်း-၇၃၇ ဂျက်လေယာဉ်ပျက်ကျ၊ ၁၂ ဦးသေဆုံး

အော့တဝါ ဩဂုတ် ၂၁

ကနေဒါနိုင်ငံ နူနာဗတ်မြို့အနီးတွင် ဘိုရင်း-၇၃၇ ခရီးသည်တင် ဂျက်လေယာဉ်တစ်စင်း ဩဂုတ် ၂၁ ရက်က ပျက်ကျခဲ့ရာ ၁၂ ဦး သေဆုံးပြီး သုံးဦးဒဏ်ရာရရှိခဲ့ကြောင်း ကနေဒါမီဒီယာများက ဖော်ပြသည်။ *(ယာပုံ)*

ယင်းလေယာဉ်သည် ဖတ်စ်အဲချာတာလေကြောင်းလိုင်းမှ လေယာဉ် တစ်စင်းဖြစ်ပြီးကနေဒါနိုင်ငံ အနောက်မြောက်ပိုင်း တာရစ်တိုရီစ်ပြည်နယ် ယီလောနိုက်မြို့မှ ရီဆိုလူတီပင်လယ်အော်အနီး နူနာဗတ်မြို့သို့ ခရီးသည်နှင့် လေယာဉ်အမှုထမ်း ၁၅ ဦးတို့အား တင်ဆောင်ပျံသန်းလာခြင်းဖြစ်သည်။ လေယာဉ်ပျက်ကျမှုမှာ မတော်တဆဖြစ်ရပ်ကြောင့်ဖြစ်ကြောင်း၊ လေယာဉ်ပျက်ကျရာသို့ ကယ်ဆယ်ရေးရဟတ်ယာဉ်များနှင့် ဆေးဘက်ဆိုင်ရာဝန်ထမ်းများ စေလွှတ်ထားကြောင်း တီရန်တန်မြို့ ကနေဒါလေတပ်အခြေစိုက်စခန်းရှိ ပူးပေါင်းကယ်ဆယ်ရေးဌာနမှ တာဝန်ရှိသူများက ပြောကြားသည်။ နူနာဗတ်မြို့အနီး ပင်လယ်အော်တွင် ကနေဒါစစ်ဘက်က ဩဂုတ် ၂၁ ရက်၌ စစ်ရေးလေ့ကျင့်မှုတစ်ရပ်ပြုလုပ်ရန်ရှိပြီး ယင်းစစ်ရေးလေ့ကျင့်မှုမှာ အာတိတ်ဒေသ၌ ကနေဒါနိုင်ငံ၏ နှစ်ပတ်လည်စစ်ရေးလေ့ကျင့်မှုပြုလုပ်ခြင်းဖြစ်သည်။ *(အင်တာနက်)*

ပါကစ္စတန်၌ မိုးသည်းထန်စွာရွာသွန်း ပြည်သူနှစ်သန်းကျော် ရေဘေးဒုက္ခကြုံတွေ့

အစ္စလမ္မာဘတ် ဩဂုတ် ၂၁

ပါကစ္စတန်နိုင်ငံ ပန်ဂျပ်ပြည်နယ်အရှေ့ပိုင်းနှင့် ဆင်းပြည်နယ်တောင်ပိုင်းတို့တွင် ယခုရက်ပိုင်းအတွင်း မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းခဲ့မှုကြောင့် ရေလွှမ်းမှုများ ဆိုးရွားစွာ ဖြစ်ပေါ်ခဲ့ရာ ဒေသခံပြည်သူ နှစ်သန်းကျော် ရေဘေးဒုက္ခကြုံတွေ့ခဲ့ရကြောင်း ပါကစ္စတန်နိုင်ငံ အမျိုးသားသဘာဝဘေးဆိုင်ရာအရာရှိများက ဩဂုတ် ၂၁ ရက်၌ ပြောကြားသည်။ ***(အပေါ်ပုံ)***

ရေလွှမ်းမှုကြောင့် ဆင်းပြည်နယ်တွင် ဒေသခံ ၂၀၀၀၀၀ ကျော် ရေဘေးဒုက္ခကြုံတွေ့ခဲ့ရကြောင်း၊ ဘာဒင်ခရိုင်အတွင်း ကျေးရွာပေါင်း ၁၀၀ ခန့် ရေလွှမ်းနေသဖြင့် ပါကစ္စတန်ရေတပ်မှ မော်တော်ဘုတ်များဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ရကြောင်း ၎င်းတို့က ပြောကြားသည်။

ရေလွှမ်း

ထို့အတူ ပန်ဂျပ်ပြည်နယ်အရှေ့ပိုင်းတွင် မိုးသည်းထန်မှုကြောင့် ဆွတ်လီမြစ်ရေလျှံမှုဖြစ်ပွားခဲ့သဖြင့် ကာဆူရာခရိုင်အတွင်း ကျေးရွာများ ရေလွှမ်းမှုဒဏ်ကြုံတွေ့ခဲ့ရသည်။ ရေဘေးဒုက္ခရင်ဆိုင်နေရသည့် ဒေသခံတစ်သန်းကျော်အား ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ရေး အာဏာပိုင်များ စီစဉ်ပေးလျက်ရှိသည်။

ပန်ဂျပ်ပြည်နယ်အထက်ပိုင်း အပါအဝင် ပါကစ္စတန်နိုင်ငံမြောက်ပိုင်းဒေသများတွင် ယခင်နှစ်များထက် ယခုနှစ်မိုးရာသီ၌ သာမန်ထက် ၁၀ရာခိုင်နှုန်း မိုးပိုမိုရွာသွန်းနိုင်ကြောင်း ပါကစ္စတန်မိုးလေဝသဌာနမှ ခန့်မှန်းထားသည်။ ***(အင်တာနက်)***

အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်အခမ်းအနားများ အမြို့မြို့အနယ်နယ်၌ ကျင်းပ

၂၁-၈-၂၀၁၁

ယင်းမာပင်မြို့နယ်၌ ကျင်းပ

မုံရွာခရိုင် ယင်းမာပင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှု အခမ်းအနားကို ဩဂုတ် ၁၇ ရက် နံနက် ၉ နာရီက သာယာအေးခန်းမ၌ကျင်းပရာ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ရီရီပြုံးက အမှာစကား ပြောကြားပြီး အထက်တန်းသူနာပြု ဒေါ်ခေါ်မွေ့ငူးရီးက ကိုယ်ဝန်ဆောင်မိခင်များနှင့် ကလေးမိခင်များအား ကျန်းမာရေးအသိပညာပေးဆွေးနွေးခဲ့သည်။

ထောက်ပံ့ပေးအပ်

ဆက်လက်ပြီး ကိုယ်ဝန်ဆောင်မိခင်များနှင့် ကလေးငယ်များအတွက် ကုလားပဲ၊ ပဲနီလေး၊အိုင်အိုဒင်းဆားများကိုမြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ရီရီပြုံး **(အောက်ပုံ)** နှင့် အသင်းဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဝင်များက ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

ထို့နောက် အာဟာရမပြည့်ဝသောကလေးငယ်များအား အာဟာရကျွေးမွေးခြင်းနှင့် ဗီတာမင်အေ တိုက်ကျွေးခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

ကန်ကြီးထောင့်မြို့နယ်၌ ကျင်းပ

ကန်ကြီးထောင့်မြို့နယ် ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ကကြီးမှူး၍ မြို့နယ်အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ လှုပ်ရှားမှုအခမ်းအနားကို ဩဂုတ် ၁၀ ရက်က မြို့နယ်ကျန်းမာရေးဌာနတွင် ကျင်းပသည်။

ရှင်းလင်းဆွေးနွေး

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဉာဏ်လှိုင်က အမှာစကား ပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကျော်မျိုးလှိုင်က အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် အကြောင်း ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ မြို့နယ်အုပ်ချုပ်ရေးမှူး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးချစ်လွင်တို့က ကိုယ်ဝန်ဆောင်မိခင်များအား အိုင်အိုဒင်းဆားထုပ်များနှင့် သံဓာတ်အားဆေးများ ပေးအပ်ခဲ့ပြီး (အပေါ်ပုံ) မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဆွေဇင်ဝင်းနှင့် ကျန်းမာရေးဝန်ထမ်းများက ဗီတာမင်အေဆေး တိုက်ကျွေးခြင်းနှင့် အာဟာရပြည့်ဝသော အစားအစာများ ချက်ပြုတ်သရုပ်ပြခြင်းလုပ်ငန်းများကို လက်တွေ့သရုပ်ပြခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။

(မြို့နယ်ကျန်းမာရေး)

ကျောင်းကျန်းမာရေး ရက်သတ္တပတ် လှုပ်ရှားမှုအဖြစ် အထက(ခွဲ) ဝေါအရှေ့ကျောင်းတွင် ဇူလိုင် ၁၃ ရက်က ဦးစန်းယု-ဒေါ်ထွေးထွေး တို့၏သား ဆဋ္ဌမတန်းကျောင်းသား မောင်ကျော်စွာဟိန်း၏ (၁၁) နှစ်ပြည့် မွေးနေ့အလှူ အာဟာရများ ကျွေးမွေးလှူဒါန်းစဉ်။ (ပညာရေး)

၂၀၁၁ ခုနှစ် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး လှုပ်ရှားမှု ရက်သတ္တပတ်များနှင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ အခမ်းအနားကို ဩဂုတ် ၁၂ ရက်က ရန်ကုန် အရှေ့ပိုင်းခရိုင် ဗိုလ်တထောင်မြို့နယ် အမှတ်(၆) ရပ်ကွက်၌ကျင်းပရာ ဗိုလ်တထောင်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ချိုဇင်သန့်က ငါးနှစ်အောက်ကလေးများအား ဗီတာမင်အေဆေး တိုက်ကျွေးစဉ်။ (မြို့နယ် ပြန်/ဆက်)

တောင်ဥက္ကလာပမြို့နယ် အလက (၄)၌ ကျင်းပ

ကျောင်းကျန်းမာရေး အပတ်စဉ် လှုပ်ရှားမှုအဖြစ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် လှုပ်ရှားမှုအခမ်းအနားများကို ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်၌ ကျင်းပလျက်ရှိရာ အခြေခံပညာအလယ်တန်းကျောင်း အမှတ်(၄)တွင် ဆရာ၊ မိဘနှင့် ကျောင်းသားပူးပေါင်း၍ ဩဂုတ် ၁၅ ရက်က ကျင်းပသည်။ ထိုသို့ ကျင်းပရာတွင် အလှူရှင် ဦးသန်းဌေး-ဒေါ်သီတာလွင်၊ သမီး မဖူးသံသာချစ်တို့က ကျောင်းရှိ ကျောင်းသား ကျောင်းသူ ၈၂၅ ဦးတို့အား ကြာဆံချက် အာဟာရ ကျွေးမွေးခဲ့ပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်သွန့်နှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ကျောင်းသားမိဘများ ပါဝင်ဆောင်ရွက်ပေးကြသည်။ (ဝဲပုံ)

ကျွေးမွေးလှူဒါန်း

အလားတူ ဩဂုတ် ၁ ရက်ကလည်း အလှူရှင် ဦးသိန်းကို-ဒေါ်ကြူကြူသင်း၊ သမီး မမေသူသူခိုင်၊ သား မောင်ကျော်ဇင်သန့်တို့ မိသားစုက အဆိုပါကျောင်းရှိ ကျောင်းသားအားလုံးကို ကြာဆံချက်အာဟာရ ကျွေးမွေးလှူဒါန်းခဲ့ကြောင်း သိရှိရသည်။ (ဝဝ၄)

ကြက်သားဆန်ပြုတ် တိုက်ကျွေး

ဩဂုတ် ၂၀ ရက်က ကျောင်းကျန်းမာရေး အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် အထိမ်းအမှတ်အဖြစ် ရန်ကုန်တိုင်းဒေသကြီး အထက(၄) သန်လျင်မြို့တွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ခင်ဌွေးနှင့် ဆရာမများ၊ အလှူရှင်များက မူလတန်းကျောင်းသား ကျောင်းသူများအား ကြက်သားဆန်ပြုတ် တိုက်ကျွေးစဉ်။

(မြန်မာ့အလင်း)

မုဒုံမြို့ကုသိုလ်ဖြစ်(အခမဲ့)ဆေးကုခန်း အဆောက်အအုံသစ်ဖွင့်

နေပြည်တော် ဩဂုတ် ၂၁

ဆင်းရဲမှုလျှော့နည်းပပျောက်ရေးအတွက် စီမံချက်ချအကောင်အထည်ဖော်လျက်ရှိရာ ဆင်းရဲသူများ၏ ကျန်းမာရေးစောင့်ရှောက်မှုအဆင်ပြေစေရေးနှင့် ကျန်းမာရေး ပူပင်သောကမရှိစေရေးရည်ရွယ်၍ မွန်ပြည်နယ် မုဒုံမြို့ ကုသိုလ်ဖြစ် (အခမဲ့) ဆေးကုခန်း အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၉ ရက် နံနက် ၈ နာရီက မုဒုံမြို့ မော်သံလမ်းမကြီး မြို့(၄)ရပ်ကွက်ရှိ အဆိုပါအဆောက်အအုံရှေ့၌ ကျင်းပရာ ရှေးဦးစွာ ဆေးကုခန်းအဆောက်အအုံသစ်ကို ပြည်နယ်လူမှုရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာ လှဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူးဦးခင်မောင်သန်းနှင့် ကုသိုလ်ဖြစ်(အခမဲ့) ဆေးကုခန်း ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာ စိုးမြင့်ဝင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်ဦးအုန်းမြင့်က ဆေးကုခန်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ဆေးကုခန်းအတွင်းဆေးကုသမှု၊ ဆေးနှင့်ဆေးပစ္စည်းများ ထားရှိမှုနှင့် ဆေးခန်းသို့လာရောက်ပြသသူများအား လှည့်လည်ကြည့်ရှုအားပေးသည်။

ယင်းနောက် အခမ်းအနားဒုတိယပိုင်း အလှူငွေပေးအပ်ပွဲအခမ်းအနားကို ရွှေဟင်္သာခန်းမ၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး အလှူရှင်များက ဆေးကုခန်းအတွက်အလှူငွေများကို ပေးအပ်လှူဒါန်းကြရာပြည်နယ်လွှတ်တော်ဥက္ကဋ္ဌဦးကျင်ဖေနှင့် ပြည်နယ်ဝန်ကြီးများက လက်ခံကြသည်။

အဆိုပါ မုဒုံမြို့ကုသိုလ်ဖြစ်(အခမဲ့)ဆေးကုခန်းအတွက်အလှူရှင်များက စုစုပေါင်း ငွေကျပ်သိန်း ၁၀၅၀ ကျော် ထည့်ဝင်လှူဒါန်းကြပြီး အရင်းမပျောက် မတည်ငွေပဒေသာပင်စိုက်ထူပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မူဆယ်၌ အိမ်တွင်းမှုသက်မွေးလုပ်ငန်း သင်တန်းဆင်း

မူဆယ် ဩဂုတ် ၂၁

နယ်စပ်ရေးရာဝန်ကြီးဌာန၊ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ဖွင့်လှစ်သော ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း၏ အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်(၂၉) နှင့် အခြေခံအိမ်တွင်းမှု သင်တန်း အမှတ်စဉ်(၃၂) သင်တန်းဆင်းပွဲအခမ်းအနားများကို ဩဂုတ် ၁၂ ရက် နံနက် ၉ နာရီက အဆိုပါသင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မူဆယ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးမိုးဟိန်းက အမှာစကားပြောကြားပြီး အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်နန်းစောရင်က သင်တန်းကျောင်းအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆုများချီးမြှင့်

ဆက်လက်၍ သင်တန်းတွင် ထူးချွန်ဆုရရှိသော သင်တန်းသူများအား ခရိုင်အုပ်ချုပ်ရေးမှူး ဦးမိုးဟိန်း **(အပေါ်ပုံ)**နှင့် ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုအဖွဲ့ဥက္ကဋ္ဌ ဒေါ်နွယ်ဦးမွန်တို့က ဆုများချီးမြှင့်ကြပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြဟန်က သင်တန်းဆင်း အောင်လက်မှတ်များ ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။

(ခရိုင် ပြန်/ဆက်)

ရေစီးရေလာကောင်းမွန်ရေး မြောင်းမြ၌ ရေမြောင်းများတူးဖော်

မြောင်းမြ ဩဂုတ် ၂၁

မြောင်းမြမြို့အတွင်း သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် အောင်ဆန်းလမ်းတစ်လျှောက်ရှိ ရေမြောင်းများ ရေစီးရေလာကောင်းမွန်အောင် ရေနုတ်မြောင်းများ ဆယ်ယူရှင်းလင်းခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၅ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင့်နိုင်နှင့် ဒေသခံပြည်သူများက ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** (မြန်မာ့အလင်း)

ကမ္ဘာ့အကြီးဆုံး Stainless Steel ပိဋကတ္တယဓမ္မစေတီတော် တည်ဆောက်ရေး သြဝါဒခံယူပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၂၁

အင်ဒိုနီးရှားသမ္မတနိုင်ငံ ဆူမားတြားကျွန်း တာမန်အာလမ်လုမ္ဗိနီ ဘရာဆာဂီတောင်တော် (Taman Alam Lumbini, Brastagi, Sumatera, Indonesia)ရှိ ရွှေတိဂုံပုံတူစေတီတော် ပရိဝုဏ်အတွင်း၌ တည်ထားကိုးကွယ်မည့် ကမ္ဘာ့အကြီးဆုံး Stainless Steel ပိဋကတ္တယဓမ္မစေတီတော်တည်ဆောက်ရေးအတွက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဒေါက်တာဘဒ္ဒန္တ ကုမာရာဘိဝံသထံမှ သြဝါဒခံယူပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ ဓမ္မစကြာရိပ်သာ ကျောင်းတိုက်၌ ကျင်းပသည်။

သြဝါဒခံယူ

ရှေးဦးစွာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ဆရာတော် အမှူးပြုသော ဆရာတော်များအား သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်က လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ဆရာတော်ထံမှ ပြည်ထောင်စုဝန်ကြီး၊ သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခိုင်အောင်နှင့် တာဝန်ရှိသူများက သြဝါဒခံယူကြသည်။

ဆက်လက်၍ စင်ကာပူသမ္မတနိုင်ငံ မေတ္တာစင်တာ သာသနာပြုအဖွဲ့ ဥက္ကဋ္ဌ စေတီတော်တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းဖေက အင်ဒိုနီးရှားသမ္မတနိုင်ငံ၌ ၂၀၁၀ခုနှစ် အောက်တိုဘာလတွင် အောင်မြင်စွာ တည်ထားပြီးစီးခဲ့သော ရွှေတိဂုံပုံတူစေတီတော်အား တည်ထားလှူဒါန်းခဲ့သည့် အလှူရှင်က ယခုထပ်မံ၍ ပိဋကတ်တော်ချပ်များအား ဌာပနာကာ ကမ္ဘာ့အကြီးဆုံး Stainless Steel ပိဋကတ္တယဓမ္မစေတီတော် တည်ထားလှူဒါန်းလိုသည့် အခြေအနေများကို အလှူရှင်ကိုယ်စား ရှင်းလင်းလျှောက်ထားပြီး ရွှေသုဝဏ်ဆရာတော်က ကျမ်းဂန်နှင့်အညီ ဆောင်ရွက်သွားရန် မြွက်ကြားသည်။

(သတင်းစဉ်)

ဆက်ကပ်လှူဒါန်း

သာသနာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသူရဦးမြင့်မောင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တ ကုမာရာဘိဝံသထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

လှိုင်သာယာမြို့နယ်၌ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားကို နေ့ချင်းပြီး ဆောင်ရွက်ပေးလျက်ရှိရာ ဩဂုတ် ၁၉ ရက်က ရွှေလင်ဗန်းကျေးရွာ၊ ကစင်ကျေးရွာ၊ အလယ်ရွာကျေးရွာများ၌ နိုင်ငံသားအရည်အချင်းပြည့်မီသူ ၁၅၁ ဦးအား နိုင်ငံသားစိစစ်ရေး ကတ်ပြားများကို မြို့နယ်ဦးစီးမှူး ဦးရွှေထူး ပေးအပ်စဉ်။ (၁၂၉)

ပန်းတနော်မြို့နယ် အသေးစားပုဂ္ဂလိက ငွေစုငွေချေးအသင်းဝင်များသို့ မတည်ရင်းနှီးမှု ချေးငွေပေးအပ်ပွဲ အခမ်းအနားကျင်းပ

နေပြည်တော် ဩဂုတ် ၂၁

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်သည် ဩဂုတ် ၂၀ ရက် နံနက် ၈ နာရီ ၁၅ မိနစ်တွင် ပုသိမ်မြို့ ဝဲဒေါင့်ဆိပ်ကမ်းမှ ဖိလစ်ပိုင်နိုင်ငံသို့ MV PUTRI ASIA သင်္ဘောဖြင့် FOB ဆန်တင်ပို့ရောင်းချရန် ဆိပ်ကမ်းမှ သင်္ဘောပေါ်သို့ ဆန်တင်ပို့နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ပြည်ပပို့ကုန်များကို အရည်အသွေးပြည့်မီမှုရှိအောင် အလေးထားကြပ်မတ် ဆောင်ရွက်သွားကြရန်နှင့် သင်္ဘောကြီးများ အလွယ်တကူ ဝင်ထွက်သွားလာနိုင်ရေးအတွက် ရေလမ်းကြောင်းများနှင့် ဆိပ်ကမ်းများအား ကောင်းမွန်အောင် စနစ်တကျ ဆောင်ရွက်သွားကြရန် မှာကြားသည်။

ထို့နောက် ပုသိမ်မြို့မှ မော်တော်ယာဉ်ဖြင့် ပန်းတနော်မြို့နယ် ကျုံတိုးကလေးကျေးရွာအုပ်စု ကျုံတိုးကလေး စိုက်ပျိုးရေးပညာပေးစခန်းသို့ ရောက်ရှိပြီး ယင်းစခန်း၌ကျင်းပသော ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေး၊ လယ်ယာကုန်ထုတ်အသင်းများအား လယ်ယာသုံး ထွန်စက်များ လွှဲပြောင်းပေးအပ်ခြင်းနှင့် အသေးစားပုဂ္ဂလိက ငွေစုငွေချေးအသင်းဝင်များသို့ မတည်ရင်းနှီးမှု ချေးငွေပေးအပ်ခြင်း အခမ်းအနားသို့ တက်ရောက်၍ လယ်ယာကုန်ထုတ်အသင်း(၆)သင်းသို့ လယ်ထွန်စက်ကြီး လေးစီးနှင့် လက်တွန်းထွန်စက် ၃၂ စီး တို့ကို လယ်ယာကုန်ထုတ်အသင်းဥက္ကဋ္ဌများထံ လွှဲပြောင်းပေးအပ်သည်။ ယင်းနောက် လုပ်ငန်းရှင်များက အသေးစားပုဂ္ဂလိက ငွေစုငွေချေးအသင်း (၁၀) သင်းအတွက် မတည်ရင်းနှီးငွေ ကျပ်သိန်း ၁၆၀ ကို အသင်းဥက္ကဋ္ဌများထံ ပေးအပ်ပြီး အင်းမကျေးရွာအုပ်စု ရွှေပြည့်စုံ ပုဂ္ဂလိကငွေစုငွေချေး အသင်းဥက္ကဋ္ဌက အသင်းဝင် ခေါင်းရွက်ဗျပ်ထိုးဈေးသည် ၅၀၊ အသင်းဝင် အိမ်ဆိုင်ပိုင်ရှင် ၄၀ နှင့် အသင်းဝင် အနေးယာဉ်ပိုင်ရှင် နှစ်ဦးတို့အား စုစုပေါင်း ချေးငွေ ကျပ်သိန်း ၃၀ ကို ပေးအပ်သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် တောင်သူဦးရင်သန်း၏ သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်ဖြင့် အောင်မြင်ဖြစ်ထွန်းနေသော ဆင်းသုခ စပါးစိုက်ခင်း၊ အသေးစားပုဂ္ဂလိက ငွေစုငွေချေးအသင်းမှ အသင်းဝင်များအား မတည်ရင်းနှီးငွေများ ထုတ်ချေးပေးနေမှုနှင့် တောင်သူများသို့ အရစ်ကျစနစ်ဖြင့် ရောင်းချပေးမည့် လယ်ယာသုံးထွန်စက်ကြီးများနှင့် လက်တွန်းထွန်စက်များကို လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကမ်းရိုးတန်းဒေသများ မိုးပိုလာနိုင်

နေပြည်တော် ဩဂုတ် ၂၁

စဉ်	တိုင်းဒေသကြီးနှင့်ပြည်နယ်	အပူချိန်(စင်တီဂရိတ်)		မနက်ဖြန်အတွက်	
		အမြင့်ဆုံး	အနိမ့်ဆုံး	ခန့်မှန်းချက်	ရွာရန်ရာနှုန်း
၁	ကချင်ပြည်နယ်	၃၆	၂၄	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး နေရာကွက်၍မိုးကြီးနိုင်သည်	၈၀%
၂	ကယားပြည်နယ်	၂၆	၂၁	နေရာကျဲကျဲမိုးထစ်ချုန်းရွာမည်	၈၀%
၃	ကရင်ပြည်နယ်	၂၇	၂၁	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး နေရာကွက်၍မိုးကြီးနိုင်သည်	၈၀%
၄	ချင်းပြည်နယ်	၂၁	၁၃	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာမည်	၈၀%
၅	စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)	၃၅	၂၅	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာမည်	၈၀%
၆	စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း)	၃၃	၂၆	နေရာကျဲကျဲမိုးထစ်ချုန်းရွာမည်	၈၀%
၇	တနင်္သာရီတိုင်းဒေသကြီး	၂၉	၂၂	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာမည်	၈၀%
၈	ပဲခူးတိုင်းဒေသကြီး	၃၀	၂၂	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာမည်	၈၀%
၉	မကွေးတိုင်းဒေသကြီး	၃၃	၂၇	နေရာကျဲကျဲမိုးထစ်ချုန်းရွာမည်	၈၀%
၁၀	မန္တလေးတိုင်းဒေသကြီး	၂၉	၂၆	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာမည်	၈၀%
၁၁	မွန်ပြည်နယ်	၂၉	၂၃	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး နေရာကွက်၍မိုးကြီးနိုင်သည်	၈၀%
၁၂	ရန်ကုန်တိုင်းဒေသကြီး	၃၁	၂၄	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာမည်	၈၀%
၁၃	ရခိုင်ပြည်နယ်	၃၂	၂၃	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာမည်	၈၀%
၁၄	ရှမ်းပြည်နယ်(တောင်ပိုင်း)	၂၂	၁၈	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာမည်	၈၀%
၁၅	ရှမ်းပြည်နယ်(မြောက်ပိုင်း)	၃၂	၂၃	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာမည်	၈၀%
၁၆	ရှမ်းပြည်နယ်(အရှေ့ပိုင်း)	၂၈	၂၂	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာမည်	၈၀%
၁၇	ဧရာဝတီတိုင်းဒေသကြီး	၃၁	၂၅	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာမည်	၈၀%
၁၈	နေပြည်တော်နှင့် အနီးတစ်ဝိုက်	၃၂	၂၅	မိုးတစ်ကြိမ်၊နှစ်ကြိမ်ထစ်ချုန်းရွာမည်	၈၀%
၁၉	ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်	၃၁	၂၄	မိုးတစ်ကြိမ်၊နှစ်ကြိမ်ထစ်ချုန်းရွာမည်	၈၀%
၂၀	မန္တလေးမြို့နှင့် အနီးတစ်ဝိုက်	၂၉	၂၆	နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်	၈၀%

ယနေ့နံနက် ၉ နာရီခွဲအချိန်အထိ မိုးလေဝသ တိုင်းထွာချက် အကျဉ်းချုပ်	လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီးတွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် ရှမ်းပြည်နယ်တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ပေါင်မြို့တွင် ၆ ဒသမ ၄၆ လက်မ၊ သထုံမြို့တွင် ၄ ဒသမ ၄၅ လက်မ၊ ဘားအံမြို့တွင် ၃ ဒသမ ၇၄ လက်မ၊ ကျိုက္ကမီမြို့တွင် ၃ ဒသမ ၇၀ လက်မ၊ တောင်ကြီးမြို့တွင် ၃ ဒသမ ၃၁ လက်မ၊ ကော့ကရိတ်မြို့တွင် ၃ ဒသမ ၂၃ လက်မနှင့် မုဒုံမြို့တွင် ၃ ဒသမ ၁၉ လက်မတို့ဖြစ်ကြသည်။
ဘင်္ဂလားပင်လယ်အော်အခြေအနေ	ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။
မြန်မာ့ပင်လယ်ပြင်အခြေအနေ	လှိုင်းအသင့်အတင့်ရှိမည်။
နောက်နှစ်ရက်အတွက် ခန့်မှန်းချက်	ကမ်းရိုးတန်းဒေသများတွင် မိုးပိုလာနိုင်သည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ လမ်း/တံတားများ ဒုတိယဝန်ကြီး ဦးစိုးတင့် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၂၁

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်သည် ဩဂုတ် ၁၉ ရက်တွင် ဧရာဝတီတံတား (ညောင်တုန်း) မှတစ်ဆင့် မအူပင်၊ ဖျာပုံနှင့် ဘိုကလေးမြို့တို့သို့ ထွက်ခွာ၍ မအူပင်တံတားကွဲ့ခိုင်မှုနှင့် မအူပင်-ဖျာပုံလမ်းနှင့် ဖျာပုံ-ဘိုကလေးလမ်းပေါ်ရှိ လမ်း၊ တံတားများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် ဧရာဝတီလမ်းကွန်ရက် လမ်းအမှတ်(၁၀)ဖြစ်သည့် ဘိုကလေး-မော်လမြိုင်ကျွန်း - ဝါးခယ်မ - မြောင်းမြလမ်းရှိ ကွဲခြံရေကျော်တံတား တည်ဆောက်ရေးလုပ်ငန်းသို့ ရောက်ရှိပြီး တာဝန်ရှိသူများ၏ တံတားဘိုးပိုင်လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုနှင့် လုပ်ငန်းစီမံချက်၊ စက်/ယာဉ်ယန္တရား အခြေအနေနှင့် ပစ္စည်းစုဆောင်းထားရှိမှုများ ရှင်းလင်းတင်ပြမှုအပေါ် လုပ်ငန်းအရည်အသွေးပြည့်ဝရေးနှင့် နည်းစနစ်မှန်ကန်စွာ ဆောင်ရွက်ကြရေး မှာကြားခဲ့သည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ဧရာဝတီလမ်းကွန်ရက် လမ်းအမှတ်(၅)၊ ဘိုကလေး-ကြိမ်ချောင်း-ကဒုံကနိလမ်းနှင့် လမ်းပေါ်ရှိ ကိုင်းတောကြီးတံတား ကွဲ့ခိုင်မှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သာသနာ့နုဂ္ဂဟအသင်း ဆိုင်းဘုတ်တင်

ရန်ကုန် ဩဂုတ် ၂၁

ရန်ကုန်မြို့ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် အမှတ် (၄၀) ရပ်ကွက် သာသနာ့နုဂ္ဂဟအသင်း ဆိုင်းဘုတ်တင်ပွဲ အခမ်းအနားကို သာသနာ့ပါလဓမ္မာရုံ၌ ဩဂုတ် ၂၁ ရက်က ကျင်းပရာ ခရိုင်သာသနာ့နုဂ္ဂဟအသင်းအလုပ်မှုဆောင် ကော်မတီဝင် ဦးကိုကိုစိုး၊ မြို့နယ်သာသနာ့နုဂ္ဂဟအသင်းဥက္ကဋ္ဌ ဦးအောင်ချမ်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဇော်လွင်နှင့် ရပ်ကွက်အသင်း ဥက္ကဋ္ဌ ဦးကျော်စိန်ထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ သာသနာ့နုဂ္ဂဟ အသင်းဝင် အဆိုပြုလွှာများကို ရပ်ကွက်အသင်း ဥက္ကဋ္ဌ ဦးကျော်စိန်ထွန်းက ပေးအပ်ရာ မြို့နယ်အသင်း ဥက္ကဋ္ဌ ဦးအောင်ချမ်းက လက်ခံယူခဲ့သည်။**(သာသနာ့နုဂ္ဂဟအသင်း)**

ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် မဟာမြိုင်အိမ်ရာ အမှတ် (၃၂) (D-1) နေ မောင်ဝင်းထက်-မအေးအေးအောင်တို့က မင်္ဂလာဦးအလှူအဖြစ် ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်းမေတ္တာရိပ်မွန် ကင်ဆာဖောင်ဒေးရှင်း အတွင်းလူနာ (ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ်သုံးသိန်းလှူဒါန်းရာ သူနာပြုအုပ် ဒေါ်မြင့်မေနှင့် စောင့်ရှောက်ရေး သူနာပြု ဒေါ်ခင်ခင်ယုတို့ လက်ခံယူစဉ်။

(ကင်ဆာဖောင်ဒေးရှင်း)

စိုက်ပျိုး-မွေးမြူရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိသော ကျောက်မဲမြို့

သတင်းဆောင်းပါး - မောင်ယဉ်ကျေး (တာချီလိတ်)
ဓာတ်ပုံမှတ်တမ်း - အာကာမိုး (မန္တလေး)

ကျောက်မဲမြို့. . . ။

ပင်လယ်ရေမျက်နှာပြင်အထက် ၂၅၀၆ ပေမှာတည်ရှိနေသည့် တောင်ပေါ်မြို့. . . ။

ထိုမြို့တွင် စိုက်ပျိုးရေးနှင့်မွေးမြူရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်။

အထူးသဖြင့် ကျောက်မဲဟုဆိုလိုက်သည်နှင့် နာမည်ကျော် ရွှေဖီမိုးလွတ် လက်ဖက်ခြောက်ကို အားလုံးသတိရလျက်ရှိကြပေမည်။

“ကျောက်မဲမြို့နယ်မှာ မွေးမြူရေးဇုန်တစ်ခုကို တည်ထောင်ထားပြီး ဥစားကြက် မွေးမြူရေးလုပ်ငန်းကို အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိပါတယ်”

ဦးကျော်နိုင်
အုပ်ချုပ်ရေးမှူး၊ ကျောက်မဲမြို့နယ်။

ဆွတ်ခူးရရှိ

“ကျောက်မဲမြို့နယ်ဟာ စိုက်ပျိုးရေးကို အဓိက အခြေခံထားတဲ့ မြို့ဖြစ်ပါတယ်။ အထူးသဖြင့် လက်ဖက်နဲ့ ပြောင်းကို ဦးစားပေး စိုက်ပျိုးလျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်ရာမှာလည်း တစ်ဦးကောင်းတစ်ယောက်ကောင်း အနေနဲ့ ဆောင်ရွက်ကြတာမဟုတ်ဘဲ ဒေသအာဏာပိုင်များ၊ ဆက်စပ်ဌာနဆိုင်ရာများနဲ့တောင်သူများဟာ သုံးနားညီ တက်တက်ကြွကြွ ဆောင်ရွက်လုပ်ကိုင်ခဲ့ကြတာမို့ ၂၀၀၉ ခုနှစ်မှာ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ (FAO)ရဲ့ လက်ဖက်စိုက်ပျိုးထုတ်လုပ်မှု ထူးချွန်မြို့နယ်ဆုနဲ့ ၂၀၁၀ ခုနှစ်မှာ အစေ့ထုတ်ပြောင်း စိုက်ပျိုး

ကျောက်မဲမြို့နယ်မှ ရရှိထားသော စိုက်ပျိုးရေးထူးချွန်ဆုများအား တွေ့ရစဉ်။

ထုတ်လုပ်မှု ထူးချွန်မြို့နယ်ဆုတွေကို ဆွတ်ခူးရရှိခဲ့ပါတယ်။

အခုလိုပဲထူးချွန်ဆုတွေ ဆက်တိုက်ရရှိဖို့အတွက် ဘက်စုံထောင့်စုံကနေ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာမှာ ယခင်နှစ်များက အစေ့ထုတ်ပြောင်း စိုက်ဧက ၂၆၀၁၇ ဧကသာရှိခဲ့ရာမှ ယခုနှစ်မှာ ၃၀၁၄၂ ဧကအထိ တိုးချဲ့စိုက်ပျိုးနိုင်ခဲ့ပြီး လက်ဖက်စိုက်ပျိုးမှုမှာလည်း ဧက ၃၃၈၉၀ စိုက်ပျိုးထုတ်လုပ်လျက်ရှိပါတယ်။ ဒါ့အပြင် ကျောက်မဲမြို့နယ်မှာ မွေးမြူရေးဇုန်တစ်ခုကို တည်ထောင်ထားပြီး ဥစားကြက်မွေးမြူရေးလုပ်ငန်းကိုလည်း အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိပါတယ်”ဟု ကျောက်မဲမြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်နိုင်က မြန်မာ့အလင်းသတင်းအဖွဲ့အား ရှင်းလင်းပြောကြားသည်။

ဝါခေါင်မိုးကား အငြိုးတကြီးရွာသွန်းလျက်ရှိသော်လည်း အေးမြသောမိုးရေစက်တို့ကို အမှုမထားနိုင်၊ ရသမျှအချိန်တိုလေးအတွင်း ကျောက်မဲမြို့နယ်၏ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများ လေ့လာမှတ်တမ်းတင်နိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဒေါ်နန်းလွင်လွင်စိန်၏ စီစဉ်ပေးမှုဖြင့် မိုးစပါးအထွက်တိုး လယ်ယာများဆီသို့ စာရေးသူတို့ ဆက်လက်ခရီးနှင်ခဲ့ကြသည်။

“ကျောက်မဲခရိုင်အတွင်း ဆန်စပါး စိုက်ပျိုးရေးလုပ်ငန်းများမှာ မိုးကောင်းသောက်လယ်၊ ဆည်ရေသောက်လယ်နဲ့ တောင်ယာစိုက်ခင်းတွေရှိပြီး ယခု ၂၀၁၁ ခုနှစ် မိုးစပါးစိုက်ရာသီမှာ ၃၅၃၁၅ ဧက စိုက်ပျိုးနိုင်ဖို့ လျာထားဆောင်ရွက်ခဲ့ရာ ဩဂုတ် ၁၀ ရက်မှာ ထွန်တုံးပိတ်နိုင်ခဲ့ပြီး ရာနှုန်းပြည့်စိုက်ပျိုးအောင်မြင်ခဲ့ပါပြီ။ အထူးသဖြင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရဲ့ စပါးတစ်ဧကတင်း ၁၀၀ နှုန်းအထက် ထွက်ရှိဖို့ လိုက်နာဆောင်ရွက်ရမယ့် သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ် (၁၄)ချက်နဲ့အညီ လိုက်နာဆောင်ရွက်လျက်ရှိပြီး ဒေသနဲ့ ကိုက်ညီတဲ့ အထူးအထွက်တိုးစပါးနဲ့ အထွက်ကောင်းစပါးများကို စိုက်ပျိုးလုပ်ကိုင်လျက်ရှိပါတယ်။ ဒါ့အပြင် စက်မှုလယ်ယာဦးစီးဌာနနဲ့ လယ်ယာဖွံ့ဖြိုးရေးဘဏ်တို့ရဲ့ ပူးပေါင်းကူညီမှုကြောင့် မိရိုးဖလာလယ်ယာလုပ်ငန်းမှသည် စက်မှုလယ်ယာစနစ်သို့ အောင်မြင်စွာကူးပြောင်းရောက်ရှိနေပြီဖြစ်ပါတယ်။ ဒါ့ကြောင့်လဲ ကျောက်မဲမြို့နယ်ရဲ့ စပါးအထွက်နှုန်းဟာ ၂၀၁၀-၂၀၁၁ စိုက်ပျိုးရာသီအတွင်း တစ်ဧကအထွက်နှုန်း မိုးစပါး ၁၆၃ တင်း၊ နွေစပါး ၁၇၉ တင်း ပျမ်းမျှအထွက်နှုန်း ရရှိခဲ့ပါတယ်”ဟု မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာ ဒေါ်နန်းလွင်လွင်စိန်က မြန်မာ့အလင်းသို့ ရှင်းပြသည်။

“စပါး၊ လက်ဖက်၊ အစေ့ထုတ်ပြောင်းတွေကို အဓိကသီးနှံတွေအဖြစ်စိုက်ပျိုးလျက်ရှိသလို မြေပဲ၊ နှမ်း၊ ဂျုံ၊ ပန်းနှမ်း၊ ဆီမုန်ညင်း၊ ပဲစင်းငုံ၊ ပန်းဂျုံ၊ ငရုတ်စို၊ ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ ဆီမုန်လာ၊ နေကြာ၊ ပဲပုပ်၊ ကော်ဖီ၊ ရော်ဘာ၊ ပီလောပီနံ၊ ငှက်ပျော၊ သစ်ဆိမ့်၊ ဟင်းခတ်

“မိရိုးဖလာ လယ်ယာလုပ်ငန်းကတစ်ဆင့် စက်မှုလယ်ယာစနစ်သို့ အောင်မြင်စွာ ကူးပြောင်းရောက်ရှိနေပြီဖြစ်ပါတယ်”

ဒေါ်နန်းလွင်လွင်စိန်
(မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ)

အမွှေးအကြိုင်၊ ချက်ကြံနဲ့ဟင်းသီး ဟင်းရွက်တွေကိုပါ စိုက်ပျိုးထုတ်လုပ်လျက်ရှိတာကြောင့် ဒေသဝမ်းစာဖူလုံမှုရှိတဲ့ အပြင် စီးပွားဖြစ် တင်ပို့ရောင်းချလျက်ရှိပါတယ်။ ဒါ့ကြောင့် ကျောက်မဲမြို့နယ်ရဲ့ ဆန်ဖူလုံမှုဟာ ၁၁၂ ဒသမ ၅၃ ရာခိုင်နှုန်းနဲ့ ဆီဖူလုံမှု ၁၅၈ ဒသမ ၇၅ ရာခိုင်နှုန်းရှိပါတယ်”ဟု အောင်မြင်ဖြစ်ထွန်းလျက်ရှိသော အစေ့ထုတ်ပြောင်းခင်းများနှင့်

ကျောက်မဲမြို့ မွေးမြူရေးဇုန်အတွင်း သိပ္ပံနည်းကျ ကြက်များ မွေးမြူထားသည်ကို ဤသို့တွေ့ရသည်။

စပါးခင်းများကိုလိုက်လံပြသရင်း ဆက်လက်ရှင်းပြသည်။

တောင်တန်းပြာတို့ မှိုင်းညို့ညို့ဖြင့် ဝန်းရံလျက်ရှိသော ကျောက်မဲမြို့တစ်ခွင်ကား အထူးအထွက်တိုး စပါးစိုက်ခင်းများ၊ ဖွံ့ထွားအောင်မြင်လှသော ပြောင်းခင်းကြီးများ၊ နေကြာ၊ နာနတ်နှင့် ပဲပုပ်ခင်းများအလယ်တွင် ဝင့်ထည်စွာဖြင့် စိမ်းလန်းသာယာလျက်ရှိချေသည်။

မြန်မာ့အလင်း သတင်းအဖွဲ့သည် အောင်မြင် ဖြစ်ထွန်းလျက်ရှိသော ကျောက်မဲမြို့၏ စိုက်ပျိုးရေးလုပ်ငန်းများကို မှတ်တမ်းရယူပြီးနောက် ကျောက်မဲမြို့နယ် ကွဲကုန်းကျေးရွာအုပ်စု မွတော်ကျေးရွာရှိ မွေးမြူရေးဇုန်သို့ ဆက်လက်ထွက်ခွာခဲ့ကြရာ ကျောက်မဲခရိုင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာညီညီလွင်၊ မွေးမြူရေးဇုန် အတွင်းရေးမှူးဒေါက်တာ သန်းလွင်နှင့် တံခွန်စုပေါင်းမွေးမြူရေးလုပ်ငန်း တာဝန်ခံ ဦးဇော်လေးတို့က မိုးသည်းသည်းကြားမှပင် မွေးမြူရေးဇုန်နှင့်စပ်လျဉ်း၍ သိလိုသည်များကို ရှင်းပြကြသည်။

အထောက်အကူပြု

ကျောက်မဲမြို့ မွေးမြူရေးဇုန်သည် ၇၈ ဧက ကျယ်ဝန်းပြီး တိုင်းရင်းသား လုပ်ငန်းရှင် ၂၂ ဦးတို့စုပေါင်းကာ အင်တိုက်အားတိုက်ဆောင်ရွက်လျက်ရှိသောကြီးမားလှသည့်မွေးမြူရေးဇုန်ဖြစ်သည်။ ဇုန်အတွင်း ဥစားကြက်ခြံပေါင်း ၁၃၁ ခြံ ရှိကာ ကောင်ရေ ၂၆၅၀၀၀ မွေးမြူထားရှိသည်။ ဥထွက်နှုန်းကောင်းသော CP မျိုး၊ AA မျိုးများဖြစ်ပြီး လက်ရှိဥထွက်နှုန်းမှာ ၈၀ရာခိုင်နှုန်းရှိပြီး မန္တလေး၊ မိုးကုတ်၊ မိတ္ထီလာ၊ မုံရွာမြို့များသို့ အဓိကတင်ပို့လျက်ရှိသည်။ အဆိုပါအထွက်နှုန်းမှာ ဇုန်အတွင်းထွက်ရှိသည့်နှုန်းဖြစ်ပြီး ဇုန်သို့မပြောင်းရွှေ့နိုင်သေးသည့် မွေးမြူရေးခြံများတွင်လည်း ကောင်ရေတစ်သိန်းခွဲခန့် မွေးမြူထားသဖြင့် ကျောက်မဲမြို့မှ ကြက်ဥအထွက်နှုန်းသည် မြင့်မားလှသည်ကို တွေ့ရှိရသည်။ ကြက်ကောင်ရေ ၁၅၀၀ ကို လုပ်သား တစ်ဦးနှုန်း ရှိသဖြင့် မွေးမြူရေးဇုန်အတွင်း လုပ်သားအင်အား ၃၀၀နီးပါး လုပ်ငန်းဆောင်ရွက်လျက်ရှိကြသည့်အတွက် နိုင်ငံတော်မှ အကောင်အထည်ဖော်လျက် ရှိသော ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေး လုပ်ငန်းစဉ်များအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုလျက်ရှိသည်။

မိမိတို့နယ်မြေဒေသရှိ သဘာဝအရင်းအမြစ် သယံဇာတများကိုအကျိုးရှိရှိ အသုံးချလျက် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိသော ကျောက်မဲမြို့နယ်၏ မွှေးပျံ့လှသည့် ဂုဏ်သတင်းများကား မြန်မာ့ရေမြေတောတောင်တို့ကို ကျော်ဖြတ်လျက် ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ကြီးမှ တစ်ဆင့် ကမ္ဘာအရပ်ရပ်သို့တိုင် ပျံ့နှံ့ရောက်ရှိနေပြီဖြစ်ပါကြောင်း ဂုဏ်ပြုရေးသားလိုက်ရပါသည်။ ။

အောင်မြင်ဖြစ်ထွန်းလျက်ရှိသော ပြောင်းခင်းများ။

မြန်မာ့အလင်း သတင်းအတိုအထွာ ၂၁-၈-၂၀၁၁

အမြန်ယာဉ်လိုင်း ရွှေဘိုၓ တိုးချဲ့ဖွင့်လှစ်

အောင်ရတနာ အမြန်ယာဉ်ကားအသင်း၏ တန့်ဆည်၊ ရေဦး၊ ခင်ဦး၊ ရွှေဘို၊ ရန်ကုန်ခရီးစဉ်သစ် တိုးချဲ့ဖွင့်လှစ်ပွဲအခမ်းအနားကို ဩဂုတ် ၁၀ ရက် နံနက် ၇ နာရီက ရွှေဘိုမြို့ ယာဉ်ရပ်နားစခန်းအတွင်း၌ကျင်းပသည်။ ရေးဦးစွာ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အောင်ရတနာ အမြန်ယာဉ်အသင်းသည် ယခင်ကတန့်ဆည်၊ ရေဦး၊ ရွှေဘို၊ မုံရွာ၊ မန္တလေးခရီးစဉ်တွင် (Mini-Bus) မှန်လုံယာဉ်များဖြင့် အဓိကထား ပြေးဆွဲခဲ့ပြီး တိုးချဲ့ခရီးစဉ်သစ်အနေဖြင့် (Air -Con Bus) လေအိတ်မှန်လုံယာဉ်များဖြင့် ဇွန် ၁ရက်မှ စတင်ပြီး တန့်ဆည်၊ ရေဦး၊ ခင်ဦး၊ ရွှေဘို၊ ရန်ကုန် ခရီးစဉ်ကိုလည်းကောင်း၊ ဩဂုတ် ၁၀ရက်မှစတင်ပြီး တန့်ဆည်၊ ရေဦး၊ ခင်ဦး၊ ရွှေဘို၊ ရန်ကုန်ခရီးစဉ်ကိုလည်းကောင်း တိုးချဲ့ပြေးဆွဲလျက်ရှိကြောင်း သိရှိရသည်။ (ခရိုင် ပြန်/ဆက်)

ရမည်းသင်း၌ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်ဟောပြော

ရမည်းသင်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့်ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်လှုပ်ရှားမှု အသိပညာပေးဟောပြောပွဲနှင့် စံပြမိခင်ဆုရရှိကြသူများအား ဆုချီးမြှင့်ခြင်း အခမ်းအနားကို ဩဂုတ် ၂၀ ရက် နံနက် ၁၀ နာရီက ရမည်းသင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်ရီရီသောင်းက အမှာစကားပြောကြားပြီး မိခင်နှင့်ကလေး ဆရာဝန် ဒေါက်တာမြင့်မြင့်မော်က အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်နှင့်စပ်လျဉ်းပြီး ဟောပြောသည်။ ထို့နောက် စံပြမိခင်ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးကာ ကိုယ်ဝန်ဆောင်မိခင်များအား အာဟာရပြည့်အစားအစာနှင့် သံဓာတ်ပါအားဆေးများဝေငှပေးခဲ့ကြောင်း သိရှိရသည်။ (၀၁၁)

ရေစကြိုမြို့၌ ရှေးဦးသူနာပြုသင်တန်းဖွင့်

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ပရိမ်သာကျေးရွာအုပ်စု အောက်အိုကျေးရွာ မူလတန်းကျောင်းခန်းမ၌ သဘာဝဘေးအန္တရာယ်လျှော့ပါးရေးနှင့် အခြေခံရှေးဦးသူနာပြုသင်တန်းဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၉ ရက် နံနက်ကကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်စိုး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးကိုယ်စား ရဲအုပ်မြင့်သိန်း၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာနေဝင်းတို့က သင်တန်းဖွင့်အမှာစကားများပြောကြားကြသည်။ အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖများနှင့် သင်တန်းသား ၄၄ ဦးတို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ သုံးရက်ဖြစ်ကြောင်း သိရှိရသည်။

(ထွန်းထွန်းလှိုင်-ရေစကြို)

မိုင်းဆတ်၌ အိမ်တွင်းမှုသက်မွေးလုပ်ငန်း သင်တန်းဆင်း

မိုင်းဆတ်မြို့နယ် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၏အခြေခံအိမ်တွင်းမှုသင်တန်းအမှတ်စဉ်(၃၂)၊ အဆင့်မြင့်စက်ချုပ်သင်တန်းအမှတ်စဉ်(၂၅) သင်တန်းဆင်းပွဲများကို ဩဂုတ် ၁၂ ရက် နံနက် ၉ နာရီက အဆိုပါသင်တန်းကျောင်းခန်းမ၌ကျင်းပရာ သင်တန်းတွင် ထူးချွန်စွာအောင်မြင်ခဲ့သူများအား မိုင်းဆတ်ခရိုင် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နွေးနွေးလင်းနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မေမျိုးအေးတို့က ဆုများပေးအပ်ချီးမြှင့်ပြီး ကျောင်းအုပ်ဆရာမကြီးဒေါ်တင်မာရီက သင်တန်းဆင်းလက်မှတ်များကို သင်တန်းသူတစ်ဦးထံသို့ ပေးအပ်ခဲ့ကြောင်းသိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

မိုင်းဖြတ်၌ ရွှေ့ပြောင်းတောင်ယာအကြောင်း ဟောပြော

မိုင်းဖြတ်ခရိုင် သစ်တောဦးစီးဌာနကကြီးမှူး၍ ရွှေ့ပြောင်းတောင်ယာလျှော့နည်းရေး အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၃ ရက် ညနေ ၃ နာရီက ဘုရင့်နောင်ခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် မြို့နယ်သစ်တောဦးစီးဌာန ဦးစီးမှူး ဦးမိုးနိုင်ဦးနှင့် ခရိုင်သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်ထွန်းတို့က ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများအတွင်း ရွှေ့ပြောင်းတောင်ယာလျှော့နည်းရေးအတွက် အကျယ်တဝင့် အသိပညာပေး ဟောပြောခဲ့ကြကြောင်း သိရှိရသည်။ (ခရိုင် ပြန်/ဆက်)

ရွှေကျင်၌ သစ်သားတံတားတည်ဆောက်

ဇူလိုင် ၂၂ ရက်က ရွှေကျင်မြို့၌ သံဆိပ်(ရွာမ)-အင်းဘလာလမ်းပေါ်ရှိ သစ်သားတံတားဆောက်လုပ်ခြင်းကို အငယ်တန်းအင်ဂျင်နီယာ (၂) ဦးဟိန်းဇော်နှင့် အဖွဲ့ ဆောင်ရွက်လျက်ရှိရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝင်းလှိုင် ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ရန်ကုန်တိုင်းဒေသကြီး မထသ (၄၉)နှစ်ပြည့်ပွဲ

ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ (၄၉)နှစ်ပြည့် ရွှေရတုအကြိုအခမ်းအနားကို ရန်ကုန်မြို့ တာမွေမြို့နယ်ရှိ ရုံးချုပ်၌ ဩဂုတ် ၂၀ ရက် နံနက် ၉ နာရီခွဲကကျင်းပသည်။ အဆိုပါအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဦးတင်ထွဋ်နှင့် တာဝန်ရှိသူများ၊ ယာဉ်ပိုင်ရှင်များ၊ ယာဉ်လုပ်သားများတက်ရောက်ကြသည်။ ရန်ကုန်တိုင်းဒေသကြီး (မထသ)အောက်တွင် ယာဉ်လိုင်းပေါင်း ၁၄၁ လိုင်းက ယာဉ်စီးရေ ၂၅၀၀ ကျော်ဖြင့် ခရီးသွားပြည်သူများ အန္တရာယ်ကင်းစွာ သွားလာနိုင်ရေးအတွက် ဝန်ဆောင်မှုပေးလျက်ရှိကြောင်း သိရှိရသည်။ (စိုးမင်း-သတင်းစဉ်)

ကျေးလက်ဒေသဖွံ့ဖြိုးရေး ဖလမ်း၌ ရှင်းလင်းဆွေးနွေး

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေး ဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ဩဂုတ် ၁၆ ရက် မွန်းလွဲ ၁ နာရီက ဖလမ်းမြို့ မြို့နယ်ခန်းမ၌ကျင်းပရာ ဖလမ်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဝင်းက မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့်တွေ့ဆုံပြီး ဆင်းရဲမှုလျှော့နည်းပပျောက်ရေးလုပ်ငန်းစဉ် (၈)ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် ဒုတိယဗိုလ်ချုပ်ကြီးကိုကိုတို့အား လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာ တင်သွင်းသူ မစ္စတာ သောမတ် အိုဟေး ကွင်တားနားနှင့်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၂၁

နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စတာ သောမတ် အိုဟေး ကွင်တားနားနှင့် အဖွဲ့သည် ယနေ့ညနေ ၃ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လာရောက်တွေ့ဆုံပြီး မြန်မာနိုင်ငံ၌ ဖြစ်ပေါ်တိုးတက်မှုအခြေအနေများ၊ လူ့အခွင့်အရေးတိုးတက်ရေးနှင့် ကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးကြသည်။

ထို့နောက် မြန်မာနိုင်ငံလူ့အခွင့်အရေးအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို **(ဝဲပုံ)**အား မစ္စတာ သောမတ် အိုဟေး ကွင်တားနားနှင့်အဖွဲ့သည် ညနေ ၄ နာရီခွဲတွင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး မြန်မာနိုင်ငံလူ့အခွင့်အရေး တိုးမြှင့်ရေးနှင့် ကာကွယ်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ညှိနှိုင်းဆွေးနွေးကြသည်။

ယင်းနောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ကိုယ်စား ဒုတိယရဲချုပ် ရဲမှူးချုပ် ဇော်ဝင်းအား မစ္စတာ သောမတ် အိုဟေး ကွင်တားနားနှင့်အဖွဲ့သည် ညနေ ၅ နာရီ မိနစ် ၄၀တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်ရုံး၌ လာရောက်တွေ့ဆုံကာ လူ့အခွင့်အရေးဆိုင်ရာ တိုးတက်မြှင့်တင်ရေး ဆောင်ရွက်မှုများကို ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တစ်ဧက တင်း ၁၀၀ကျော် ထွက်ရှိနိုင်မည့် သိပ္ပံနည်းကျ စိုက်နည်းစနစ်များ ထိရောက်စွာ စိုက်ပျိုးပြသ

ရန်ကုန် ဩဂုတ် ၂၁

လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်နှင့် ထန်းတပင် မြို့နယ်ကြား တူးချောင်းကျေးရွာအနီး မြစ်မ်းရောင်ချောင်း ဖောက်လုပ်ရေးလုပ်ငန်းခွင်သို့ ဩဂုတ် ၂၀ ရက် နံနက် ၈ နာရီခွဲက ရောက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကံညွန့်က မြစ်မ်းရောင်ချောင်း ရေနုတ်မြောင်းတူးဖော်ပေးနိုင်ခဲ့ခြင်းကြောင့် မြို့နယ်များအတွင်း မိုးစပါးများ ရေမြုပ်ခြင်းမှ ကာကွယ်ပေးနိုင်မှုအခြေအနေနှင့် နွေစပါးဧက ၄၀၀၀ ခန့် စိုက်ပျိုးနိုင်မည့် အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

မှန်ကန်စွာတင်ပြ

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က မြစ်မ်းရောင်ချောင်း ရေနုတ်မြောင်း တူးဖော်ခြင်းလုပ်ငန်း ပိုမိုထိရောက်လျင်မြန်စေရန် စက်ယန္တရားကြီးနှစ်စီး ထပ်မံဖြည့်တင်း ဆောင်ရွက်သွားရန်နှင့် အကျိုးပြု မိုးစပါးစိုက်ဧကများ မှန်ကန်ရေး၊ အမှန်တကယ်စိုက်ပျိုး ဖြစ်ထွန်းမည့် နွေစပါးစိုက်ဧက ကိန်းဂဏန်းမှန်ကန်စွာတင်ပြရေး၊ တစ်ဧက တင်း ၁၀၀ ကျော်ထွက်ရှိနိုင်မည့် သိပ္ပံနည်းကျ စိုက်နည်းစနစ်များကို ထိထိရောက်ရောက် စိုက်ပျိုးပြသဆောင်ရွက်ရေးတို့ကို တာဝန်ရှိသူများအား မှာကြားသည်။

ထို့မှတစ်ဆင့် လှည်းကူးမြို့နယ် မလစ်ကျေးရွာအုပ်စု တော်တမတ်မြောင်း တူးဖော်ရေးလုပ်ငန်းကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လက်ရှိဆောင်ရွက်နေသည့် တူးမြောင်းနှင့် တစ်ဆက်တည်း မလစ်ရွာပတ်ဝန်းကျင် လယ်ဧက ၁၀၀၀ခန့်အား မိုးစပါး၊ နွေစပါး အကျိုးပြုနိုင်မည့် ပေ ၁၀၀၀၀ခန့်အရှည်ရှိ တူးမြောင်းတိုးချဲ့ဖောက်လုပ်ရန်မှာကြားကာ တောင်သူလယ်သမားများ၏ တင်ပြချက်များကို ဖြည့်ဆည်းပေးသည်။

ကြည့်ရှုအားပေး

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် ခေတ်မီစက်မှုလယ်ယာ စပါးစိုက်ဧက ၁၀၀၀၀ စိုက်ခင်းအတွင်း ဖြစ်ထွန်းအောင်မြင်နေသော မိုးစပါးစိုက်ခင်းများနှင့်အထူးဇုန်(၂)အတွင်း Green Asia ကုမ္ပဏီ၏ မိုးစပါးတစ်ဆက်တစ်စပ်တည်း ဧက ၅၀၀ စိုက်ခင်းအတွင်း ရင့်မှည့်အောင်မြင်ဖြစ်ထွန်းနေသော စပါးခင်းများကိုကြည့်ရှုစစ်ဆေးအားပေးပြီး စပါးအလေအလွင့်မရှိစေရေးနှင့် တစ်ဧကပျမ်းမျှအထွက်နှုန်း စနစ်တကျမှတ်တမ်းတင်ရေးတို့ကို မှာကြားခဲ့သည်။ **(သတင်းစဉ်)**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်မှ ဖြစ်ထွန်းအောင်မြင်နေသော မိုးစပါးစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရေဝင်ရောက်မှုကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၂၁

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်သည် ယမန်နေ့နံနက် ၈ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၃၄ လမ်း တောင်ဘက်ခြမ်း ငွေတချောင်းမြောင်း ရေစီးဆင်းမှု၊ မန္တလေးတက္ကသိုလ်အနီး ကိုလံဘိုမြောင်းနှင့် မဟာအောင်မြေမြို့နယ် ၇၈ လမ်း အနောက်ဘက်ခြမ်း မင်္ဂလာတူးမြောင်းရေစီးဆင်းမှု၊ အောင်မြေသာစံမြို့နယ် ၂၆ လမ်းနှင့် ၂၂ လမ်းကြား သင်္ဂဇာချောင်းရေစီးဆင်းမှုနှင့် ၈၆ လမ်းဘေး ရွှေတချောင်းမြောင်း တစ်လျှောက်ရေစီးဆင်းမှုတို့ကို လည်းကောင်း၊ ၃၆×၃၇ လမ်းကြား ရွှေတချောင်းမြောင်း ရေပြင်မြင့်တက်မှုကြောင့် စည်ပင်သာယာရေးကော်မတီက လုပ်သားအင်အား၊ ရပ်ကွက်ပြည်သူလူထုအင်အားဖြင့် သဲအိတ်များချခြင်း၊ တမံတုတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု မန္တလေးကန်တော်ကြီးအတွင်း ရေဝင်ရောက်မှု၊ ကပ်ကျော်ရေထိန်းတံခါးမှမြို့တွင်းရှိ ပိုလျှံရေများ စွန့်ထုတ်မှုနှင့် မန္တလေးမြို့ကျုံးရေပြင်အခြေအနေများကို လည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးသည်။

မှာကြား

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က မန္တလေးမြို့တော်အတွင်း ရေစီးဆင်းမှုကောင်းမွန်စေရေးလုပ်ငန်းများကို ဦးစားပေး အရှိန်အဟုန်တိုးမြှင့် ဆောင်ရွက်သွားရေး၊ ယခုကဲ့သို့ မိုးတွင်းကာလများတွင် မြို့တွင်းလမ်းများ၊ မြောင်းများနှင့် မြေနိမ့်ပိုင်းရပ်ကွက်များအတွင်း ရေတင်ခြင်း၊ ရေလျှံခြင်းများ မရှိစေရန် ရေစီးဆင်းမှုစနစ်မှန်ကန်အောင် ဆောင်ရွက်သွားရေးတို့ကို တာဝန်ရှိသူများအား မှာကြားသည်။

အားပေးစကားပြောကြား

ထို့မှတစ်ဆင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ချမ်းအေးသာစံမြို့နယ် ၂၉ လမ်းနှင့် လမ်း ၃၀ ကြား၊ ၉၁ လမ်းရှိ ဆုတောင်းပြည့်ချမ်းသာရမြတ်စွာဘုရားသို့ရောက်ရှိပြီး ဘုရားပရိဝုဏ်အတွင်းရှိ ဓမ္မာရုံများ၌ သီရိဟေမာအနောက်ရပ်ကွက်နှင့် ဒေးဝန်းရပ်ကွက်တို့အတွင်း ရေဝင်ရောက်မှုကြောင့် ခေတ္တပြောင်းရွှေ့လာသူပြည်သူ အိမ်ထောင်စု ၁၅၀ ခန့်ကို လည်းကောင်း၊ အောင်မြေသာစံမြို့နယ် ဘုရားငါးဆူဆုတောင်းပြည့်မြတ်စွာဘုရားပရိဝုဏ်အတွင်း အမရဌာနီအရှေ့ရပ်ရေဝင်ရောက်၍ ခေတ္တပြောင်းရွှေ့လာသူပြည်သူ အိမ်ထောင်စု ၁၅ စုတို့ကိုလည်းကောင်း ကူညီစောင့်ရှောက်ထားရှိမှုနှင့် ကျန်းမာရေးကိစ္စများအတွက် ဆေးဝါးကုသမှုလုပ်ငန်းများ ဆောင်ရွက်ပေးမှုအခြေအနေတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ပြည်သူများအား အားပေးစကားပြောကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ၃၅ လမ်းတောင်ဘက်ခြမ်း ရွှေတချောင်းမြောင်း ရေပြင်မြင့်တက်လာမှုကို နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်သန်းထွန်းအောင် ဦးဆောင်သော တပ်မတော်သားအင်အား ၁၀၀ကျော်က မြောင်းပေါင်တစ်လျှောက် သဲအိတ်ချခြင်း၊ တမံတုတ်ခြင်းစသော သဘာဝဘေးအန္တရာယ်တားဆီးရေး ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်မှုကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ပိန္နဲကုန်းကျေးရွာ၌ ဈေးသမဝါယမအသင်းမှ အသင်းသူ အသင်းသားများသို့ ချေးငွေပေးအပ်ပွဲကို ဩဂုတ် ၁၂ရက်ကကျင်းပရာ ဈေးသမဝါယမအသင်းဥက္ကဋ္ဌ ဦးအောင်ရွှေ(ခ) ဦးအုံးသွင်က အသင်းသား ၂၅၂ ဦးအား ချေးငွေ ၆၅သိန်းကို ပေးအပ်စဉ်။ (မြို့နယ် ပြန်/ဆက်)

ဗလငါးတန်ဖွံ့ဖြိုးဖို့
စာအုပ်စာပေလေ့လာစို့

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

(၁၃၇၃ ခုနှစ် ဝါခေါင်လပြည့်ကျော် ၈ ရက်) (ဥပုသ်နေ့)
၂၂-၈-၂၀၁၁ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	အောင်တော်မူ (စောမင်းနောင်၊ စိုင်းညီမင်း၊ တေးရေး- ဗိုလ်ကလေးတင့်အောင်)
၇း၅၀	၅။	ဘုန်းတော်ထင်ရှား ရှင်တော်မဟာ မြတ်မုနိဘုရား
၈း၀၀	၆။	သံသာချိုအေးမင်္ဂလာတေး
၈း၀၅	၇။	သက်ရှည်ကျန်းမာ လေ့ကျင့်ပါ
၈း၁၅	၈။	ချစ်စရာ့အရွယ်ကကြိုးသွယ်
၈း၂၅	၉။	**၂၀၁၁ ခုနှစ် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၊ ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (မဟာဂီတ) (အခြေခံပညာ ၅-၁၀ နှစ်) (အမျိုးသား၊ အမျိုးသမီး)**
၈း၄၀	၁၀ ။	International News
၈း၄၅	၁၁။	Islands of Dhamma
၈း၅၀	၁၂။	**ဘဒ္ဒန္တပဏ္ဍိဝံသ (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) ဒုတိယဥက္ကဋ္ဌဆရာတော် နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ မြစည်းခုံစာသင်တိုက် တောင်ငူမြို့ ပဲခူးတိုင်းဒေသကြီး (အရှေ့ပိုင်း)ထံမှ နဝင်္ဂဥပေါသထသီလ ခံယူဆောက်တည်ခြင်း**
၉း၀၀	၁၃။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄း၁၀	၂။	အကပဒေသာ
၄း၂၀	၃။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၄း၂၅	၄။	တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
၄း၃၅	၅။	အမှတ်(၃)အခြေခံပညာ ဦးစီးဌာန၊ စတုတ္ထအကြိမ်မြောက် ဓမ္မစကြာဝတ်ရွတ်ပူဇော်ပွဲ (တတိယဆု) အထက(၂)ဒဂုံ အမျိုးသမီးဝတ်ရွတ်အဖွဲ့
၄း၅၅	၆။	အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ-စတုတ္ထနှစ် (ဥပဒေပညာအထူးပြု) (ဥပဒေပညာ)
၅း၀၅	၇။	မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅း၁၀	၈။	မြန်မာစာ၊ မြန်မာစကား
၅း၂၀	၉။	တေးဂီတအစီအစဉ်
၅း၃၀	၁၀။	အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)နှင့် ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန အောက်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ပညာရေးကောလိပ်များရေကူးပြိုင်ပွဲ (အပိုင်း-၁)
၅း၄၅	၁၁။	**၂၀၁၁ ခုနှစ် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၊ ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (ကာလပေါ်တေးနှင့် ခေတ်ဟောင်းတေး) ဝါသနာရှင် (ပထမတန်း)အဆင့် (အမျိုးသား)**
၆း၀၀	၁၂။	ညနေခင်းသတင်း
၆း၁၅	၁၃။	မိုးလေဝသအခြေအနေ
၆း၂၀	၁၄။	ဆိုကြမယ်၊ ပျော်ကြမယ်
၇း၀၀	၁၅။	နိုင်ငံခြားဇာတ်လမ်းတွဲ **သစ္စာနှလုံးသား** (အပိုင်း-၁၉)
၈း၀၀	၁၆။	ပြည်တွင်းသတင်း
	၁၇။	နိုင်ငံတကာသတင်းများ
	၁၈။	မိုးလေဝသအခြေအနေ
	၁၉။	ကမ္ဘာကျော်သရုပ်ဆောင်များ
	၂၀။	နိုင်ငံခြားဇာတ်လမ်းတွဲ **ပန်းသုံးပွင့်ရဲ့ဒိုင်ယာရီ** (အပိုင်း-၃)
	၂၁။	မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာမေတ္တာ ဘာဝနာပွားများခြင်း တရားတော်
	၂၂။	အစီအစဉ်ပြီး၏။

ဗဟိုဆေးသိုလှောင်ရေးဌာနနှင့် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၂၁

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်သည် ဩဂုတ် ၂၀ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် စကားဝါလမ်းရှိ ဗဟိုဆေးသိုလှောင်ရေးဌာနသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဆေးရုံအမျိုးအစား အလိုက် ဖြန့်ဖြူးပေးရသည့် ဆေးနှင့် ဆေးပစ္စည်းများကို အချိန်အခါနှင့်တစ်ပြေးညီ ဖြန့်ဖြူးဖြည့်ဆည်းရန် မှာကြားကာ လိုအပ်ချက်များကို ဆောင်ရွက်ပေးသည်။

ညှိနှိုင်းဆောင်ရွက်

ထိုမှတစ်ဆင့် မော်ကွန်းတိုက်လမ်းရှိ ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနသို့ သွားရောက်၍ ညွှန်ကြားရေးမှူးများ၊ အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ ဌာနခွဲတာဝန်ခံများနှင့်တွေ့ဆုံကာ ပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုပေးရာတွင် ဓာတ်ခွဲမှုဆိုင်ရာ ရောဂါရှာဖွေစမ်းသပ်စစ်ဆေးမှုသည် အဓိကလိုအပ်ချက်ဖြစ်ကြောင်း၊ ဆေးရုံနှင့် ကျန်းမာရေးဌာနများအတွက် ကျွမ်းကျင်သော အဆင့်အတန်းမီဓာတ်ခွဲကျွမ်းကျင်သူများဖြစ်အောင် လေ့ကျင့်သင်ကြားပေးရန်လိုကြောင်းမှာကြားပြီး ဓာတ်ခွဲကျွမ်းကျင်သူများ လေ့ကျင့်သင်တန်းပေးခြင်းနှင့် ရောဂါဗေဒဘွဲ့လွန်သင်တန်းပေးမှုလုပ်ငန်းများကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မင်းကျောင်းလမ်းရှိ ကျန်းမာရေးဦးစီးဌာန အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာနခွဲ(ရန်ကုန်)ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

❖ ***ရွှေဖုံးမှ***

ဖြင့် ဆောင်ရွက်ရန်နှင့် လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းရေး ဂရုပြု ဆောင်ရွက်ရန်တို့ကို မှာကြားသည်။

ယင်းနောက် ရှင်းလင်းဆောင်ရွက်ရပ်မှ ရေလယ်ဘိုးပိုင်တူးခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ရေယာဉ်ဖြင့် ငပုတောဘက်ကမ်းသို့ ရောက်ရှိကာ ကမ်းကပ်ခုံလုပ်ငန်းများ ဆောင်ရွက်နေမှုကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ပုသိမ်-ငပုတောလမ်း ကျောက်ချောလမ်းလုပ်ငန်း ဆောင်ရွက်နေမှုနှင့် မိုင်တိုင်အမှတ် (၅/၃)ရှိ စလူချောင်းတံတား တည်ဆောက်နေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ပေပင်မြစ်ကူးတံတား

ပေပင်မြစ်ကူး တံတားသည် ပုသိမ်-ငပုတောလမ်းပေါ်၌ တည်ရှိပြီး တံတားအမျိုးအစားမှာ အောက်ထည် သံကူကွန်ကရစ် လွန်တူးဘိုးပိုင်နှင့် အပေါ်ထည် သံမဏိသံပေါင်ရက်မ ကြမ်းခင်းတို့ဖြင့် တည်ဆောက်ထားသည်။ တံတားအရှည်ပေ ၇၂၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ လူသွားလမ်းတစ်ဖက်လျှင် ၃ ပေစီပါရှိပြီး ရေလမ်းကင်းလွတ်အကျယ် ၉၈ ပေ၊ အမြင့် ၁၇ ပေရှိကာ ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန်မှာ တန် ၆၀ ဖြစ်သည်။ စလူချောင်းတံတားနှင့် ဝဲကြီးချောင်းတံတားတို့မှာ သံကူကွန်ကရစ်တံတားအမျိုးအစားဖြစ်ပြီး တံတားအရှည်ပေ ၆၀ စီ ရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

စိုက်ပျိုးရေးထုတ်ကုန် ဖွံ့ဖြိုးတိုးတက်ရေး ရမည်းသင်းမြို့နယ်၌ ချေးငွေပေးအပ်

ရမည်းသင်း ဩဂုတ် ၂၁

လယ်ယာစိုက်ပျိုးရေး ထုတ်ကုန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးစရိတ်ချေးငွေပေးအပ်ပွဲကို ဩဂုတ် ၁၇ ရက်က ရမည်းသင်းမြို့နယ် သိမ်ကုန်းကျေးရွာ အုပ်ချုပ်ရေးမှူးရုံးခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ ရမည်းသင်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မန်နေဂျာ ဒေါ်ချိုနွယ်ဦး၊ မြန်မာ့ဝါနှင့် ပိုးချည်လုပ်ငန်း မြို့နယ်မန်နေဂျာ ဦးဝင်းညွှန့်နှင့် တောင်သူများ တက်ရောက်ကြပြီး အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးက သိမ်ကုန်းကျေးရွာအုပ်စုအတွင်းရှိ တောင်သူဦးရေ ၂၅၈ ဦး၏ ဧက ၅၀၀ အတွက် စိုက်ပျိုးစရိတ်ချေးငွေ ငွေကျပ် သိန်း ၂၅၀ ပေးအပ်ခဲ့သည်။ **(အပေါ်ပုံ)** အလားတူ ဩဂုတ် ၁၈ ရက်တွင်လည်း အင်တောကြီး ကျေးရွာအုပ်စုက တောင်သူဦးရေ ၄၅၃ ဦး၏ ဧက ၇၅၀ အတွက် ချေးငွေ ငွေကျပ် ၃၇၅ သိန်းကို ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(၄၀၆)**

ဇီးကုန်း၌ ရေလှောင်ကန် တိုးချဲ့တူးဖော်

ဇီးကုန်း ဩဂုတ် ၂၁

ဇီးကုန်းမြို့နယ်၌ ကျေးလက်ဒေသများ သန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက် ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၃ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်မိုးဦးနှင့်ဝန်ထမ်းများ ကံညီကိုကျေးရွာရှိ မြေသားရေလှောင်ကန်ကို တိုးချဲ့တူးဖော်ခဲ့ကြကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

အိုဇုန်းလွှာ၊ အိုဇုန်းဓာတ်ငွေ့နှင့် ကမ္ဘာကြီးပူနွေးလာမှု

[illegible]

“အိုဇုန်းလွှာ” (Ozone Layer)သည် ကမ္ဘာ့လေထု၏ ဒုတိယအလွှာဖြစ်သော စတြာတိုစဖီးယား (Stratosphere)တွင် ကမ္ဘာ့မြေမျက်နှာပြင်မှအမြင့် ၁၀ မိုင်နှင့် မိုင် ၃၀ကြား၌တည်ရှိပြီး လေထုအတွင်းရှိ အိုဇုန်းဓာတ်ငွေ့ စုစုပေါင်းပမာဏ၏ ၉၀ ရာခိုင်နှုန်းခန့်သည် ဤအိုဇုန်းလွှာတွင် စုစည်းနေကြသည်။ အိုဇုန်းဓာတ်ငွေ့များသည် လေထုအတွင်း၌ အချိုးအစား အနည်းငယ်မျှသာ ပါဝင်သော်လည်း ပဓာနကျသည့်ဓာတ်ငွေ့ဖြစ်ပါသည်။ အိုဇုန်းလွှာသည် လူသားများနှင့် သက်ရှိများအား အန္တရာယ်ပြုနိုင်သော ခရမ်းလွန်ရောင်ခြည်များ (Ultraviolet Rays) ကို ဒိုင်းကြီးသဖွယ် ကာဆီးပေးထားခြင်းကြောင့် ဖြစ်ပါသည်။

လေထုအတွင်း၌ ပါဝင်မှုများပြားသော အောက်ဆီဂျင် (O_2) မော်လီကျူးများသည် နေရောင်ခြည်စွမ်းအင်ကြောင့် အောက်ဆီဂျင်အက်တမ်နှစ်ခု (O+O) ကွဲထွက်သွားပါသည်။ ယင်းအောက်ဆီဂျင်အက်တမ်များသည် လေထုအတွင်း၌ လွတ်လပ်စွာတည်ရှိနေကြပြီး အခြားအောက်ဆီဂျင် မော်လီကျူးတစ်ခုနှင့်တိုက်မိ (Collide)သည့်အခါ အိုဇုန်း (O_3) မော်လီကျူးတစ်ခု ဖြစ်လာပါသည်။ ယင်းအိုဇုန်းမော်လီကျူးများ တစ်နေရာတည်းတွင် စုစည်းခြင်းဖြင့် အိုဇုန်းလွှာဖြစ်ပေါ်လာရခြင်းဖြစ်ပါသည်။ အောက်ဆီဂျင်မော်လီကျူးနှင့် အောက်ဆီဂျင်အက်တမ်တို့ တိုက်မိရာမှ ဖြစ်ပေါ်လာသည့် အိုဇုန်းမော်လီကျူးအချို့သည် အခြားဓာတ်ငွေ့များနှင့်ဓာတ်ပြုပြီး ပြိုကွဲသွားပါသည်။ အသစ်ဖြစ်လာသော အိုဇုန်းမော်လီကျူးများနှင့် ပြိုကွဲသွားသော အိုဇုန်းမော်လီကျူးများသည် ဖြစ်မှု၊ ပျက်မှု ဟန်ချက်ညီနေသဖြင့် လေထုဒုတိယအလွှာ၌ရှိသည့် အိုဇုန်းပမာဏသည် တစ်သမတ်တည်း ရှိနေပါသည်။

ခရမ်းလွန်ရောင်ခြည်တွင် အဓိကအားဖြင့် UV-A၊ UV-Bနှင့် UV-C ဟူ၍ အုပ်စုသုံးခုရှိရာ နံနက်ခင်းနေရောင်ခြည်နုတွင်ပါဝင်သော UV-A သည် လူသားများ၏ ကျန်းမာရေးကို အထောက်အကူပြုနိုင်ပြီး နေ့ခင်းပိုင်း (နံနက် ၉ နာရီမှ ညနေ ၄နာရီခန့်) နေရောင်ခြည်တွင် ပါဝင်သည့် UV-Bသည် လူ၏ ခန္ဓာကိုယ်ပေါ်သို့ မိနစ် ၃၀ ထက်ပို၍ ကျရောက်ခဲ့ပါက ကျန်းမာရေးကို ထိခိုက်စေနိုင်ပါသည်။ အရေပြားနေလောင်ခြင်း၊ အရေပြားကင်ဆာဖြစ်နိုင်ခြင်း၊ မျက်စိမျက်ကြည်လွှာ ပျက်စီးစေနိုင်ခြင်းစသည်များ ဖြစ်ပေါ်နိုင်ပါသည်။ လှိုင်းအလျားအတိုဆုံးဖြစ်သည့် UV-C ကျရောက်ခြင်းခံရပါက လူများ၏ခန္ဓာကိုယ် ခုခံအားစနစ်ထိခိုက်ပြီး သေဆုံးသည်အထိ ဖြစ်နိုင်သည့်အပြင် ရေနေသတ္တဝါများ သေဆုံးခြင်း၊ ကောက်ပဲသီးနှံများပျက်စီးခြင်း စသည့်အန္တရာယ်များလည်း ကျရောက်နိုင်ပါသည်။ သို့ရာတွင် အိုဇုန်းဓာတ်ငွေ့၏ ထူးခြားသောဖွဲ့စည်းပုံ (Configuration) ကြောင့် အိုဇုန်းလွှာသည် နေရောင်ခြည်တွင်ပါရှိသော UV-C များကို ၉၇ ရာခိုင်နှုန်းမှ ၉၉ ရာခိုင်နှုန်းထိအောင် စုပ်ယူထားနိုင်စွမ်းရှိပါသည်။ လူသားများနှင့် သက်ရှိများအား အန္တရာယ်ပေးနိုင်သော ခရမ်းလွန်ရောင်ခြည် တစ်မျိုးဖြစ်သည့် UV-C များကို စုပ်ယူပေးနိုင်စွမ်းရှိသော အိုဇုန်းဓာတ်ငွေ့များကို လေထု၏ဒုတိယအလွှာတွင် တစုတစည်းတည်း တည်ရှိနေစေရန် သဘာဝတရားက ဖန်တီးပေးထားခြင်းဖြစ်ပါသည်။

လူသားများနှင့်သက်ရှိများအား အကျိုးပြုသောအိုဇုန်းလွှာတွင် တောင်ဝင်ရိုးစွန်းဒေသ၌ အပေါက်ကြီးတစ်ခု ဖြစ်ပေါ်လျက်ရှိသည်ကို အန္တာတိကရှိ Hally Bay အခြေစိုက် ဗြိတိသျှသုတေသနစခန်းမှ Joe Farman ဦးဆောင်သည့်အဖွဲ့က ၁၉၈၅ ခုနှစ်တွင် ထုတ်ပြန်ကြေညာခဲ့ပါသည်။ ထိုအချိန်မှအစပြု၍ အိုဇုန်းလွှာပျက်စီးခြင်း လျော့နည်းခြင်း၏ အကြောင်းရင်းများကို ဖော်ထုတ်နိုင်ရေးအတွက် သုတေသီများက အန္တရာယ်များသော လေယာဉ်ပျံသန်းမှုများဖြင့် တိုင်းတာချက်များကို ခက်ခဲစွာ ဆောင်ရွက်ခဲ့ကြပြီးနောက် “အလွန်အေးသောလေထုအတွင်း၌ ဓာတ်ငွေ့အချို့သည် အိုဇုန်းဓာတ်ငွေ့များကို ဖျက်ဆီးပစ်နိုင်သည်”ဆိုသော သီအိုရီအသစ်တစ်ရပ်ကို အတည်ပြုထုတ်ပြန်နိုင်ခဲ့ကြပါသည်။

တစ်ဆက်တည်းမှာပင် အိုဇုန်းလွှာလျော့နည်းခြင်းသည် ဝင်ရိုးစွန်းဒေသများတွင် နှစ်စဉ်ဆောင်းရာသီများ၌ ပို၍ဖြစ်ပျက်လျက်ရှိကြောင်း၊ အိုဇုန်းလွှာလျော့နည်းမှုတွင် မြောက်ဝင်ရိုးစွန်းရှိဒေသများက တောင်ဝင်ရိုးစွန်းရှိဒေသများထက် ပို၍နည်းကြောင်း၊ ၁၉၇၈ ခုနှစ်မှ ၁၉၈၇ ခုနှစ်အတွင်းက တိုင်းတာချက်များအရ အိုဇုန်းလွှာလျော့နည်းမှုသည် မြောက်ဝင်ရိုးစွန်းတွင် ၂ ဒသမ ၃ ရာခိုင်နှုန်းသာရှိပြီး တောင်ဝင်ရိုးစွန်းတွင်မူ ၁၀ ဒသမ ၆ ရာခိုင်နှုန်းထိရှိကြောင်း သိရှိခဲ့ကြသည်။ ထို့ကြောင့်ပင် မြောက်ဝင်ရိုးစွန်းဒေသများသို့ နွေဦးရာသီဖြစ်သည့် မေလနှင့်ဇွန်လအတွင်းပျံသန်းသည့် ခရီးစဉ်များ၏ လေယာဉ်များတွင် စူးရှသောအနံ့ရှိပြီး ကျန်းမာရေးကို ထိခိုက်စေနိုင်သည့် အိုဇုန်းဓာတ်ငွေ့များပြားခြင်းကို ကန့်သတ်ပေးနိုင်ရန်အတွက် အထူးစီမံပြုလုပ်ထားသော ကိရိယာများကို ယူဆောင်သွားကြရကြောင်း၊ အဆိုပါလများ၌ အိုဇုန်းလွှာတွင် အိုဇုန်းပါဝင်မှု အများဆုံးအခြေအနေသို့ ရောက်ရှိနေခြင်းကြောင့် လေယာဉ်အမှုထမ်းများနှင့် ခရီးသည်များအား အကာအကွယ်ပေးရန်နှင့် သက်သောင့်သက်သာ လိုက်ပါနိုင်စေရန်ဖြစ်ကြောင်း မှတ်သားဖူးပါသည်။

အိုဇုန်းလွှာလျော့နည်းလာသည်နှင့်အမျှ ကမ္ဘာမြေပြင်သို့ UV-C ခရမ်းလွန်ရောင်ခြည်များ ပိုမို၍ ရောက်ရှိလာမည်ဖြစ်ကြောင်း၊ အိုဇုန်းလွှာ ၁ ရာခိုင်နှုန်း လျော့နည်းတိုင်း ကမ္ဘာ့လေထု ပထမအလွှာအတွင်းသို့ UV-C ရောင်ခြည်ရောက်ရှိမှု ၂ ရာခိုင်နှုန်းခန့် ပိုမိုများပြားနိုင်ကြောင်း သိပ္ပံပညာရှင်များက ထုတ်ဖော်ခဲ့ကြပါသည်။

CFCs များအနက် ပလတ်စတစ်ရေမြှုပ်များတွင်အသုံးပြုသော CFC-11 နှင့် အအေးပေးစက်များတွင် အသုံးပြုသည့် CFC-12 များသည် အသုံးပြုမှုကျယ်ပြန့်ခြင်းကြောင့် ၎င်းတို့သည် အိုဇုန်းလွှာလျော့နည်းမှုကို ပို၍ဖြစ်စေပါသည်။ အခြား CFCs တစ်မျိုးဖြစ်သည့် CFC-113 ကို အီလက်ထရွန်နစ်ပစ္စည်းများနှင့် အီလက်ထရွန်နစ်ဓာတ်စီးပတ်လမ်း (electronic circuitry) ကို သန့်စင်ရာတွင် အသုံးပြုပါသည်။ CFCs များသည် ဟေလိုကာဗွန်များ (halocarbons) တွင် ပါဝင်သည့် အတန်းအစားတစ်ခုဖြစ်သဖြင့် ၎င်းတို့အထဲမှ အများစုသည် လေထုဒုတိယအလွှာရှိ အိုဇုန်းလွှာကို ဖျက်ဆီးနိုင်သည်သာမက ကမ္ဘာကြီးကို ပူနွေးစေသည့် မှန်လုံအိမ်ဓာတ်ငွေ့များလည်း ဖြစ်နေပါသည်။ ထို့ကြောင့် သိပ္ပံပညာရှင်များသည် အခြားဟေလိုကာဗွန်များကိုပါ သံသယဖြင့် အာရုံစူးစိုက်လာခဲ့ကြရာ- CFCs ထုတ်လုပ်ခြင်းနှင့် သန့်စင်သည့်ငွေ့ရည် (cleaning fluid) များတွင် အသုံးပြုသော ကာဗွန်တက်ထရာကလိုရိုက် (carbontetrachloride) များ၊ ကော်များ (adhesives) တွင် အသုံးပြုသည့် မီသိုင်းကလိုရိုဖောင်း (methyl chloroform)၊ မီးသတ်ဘူးများတွင် အသုံးပြုသော ဟေလွန် ၁၃၀၁ (Halon 1301) နှင့် ဟေလွန် ၁၂၁ (Halon 121)၊ မီးသတ်ဘူးအချို့နှင့် ပိုးသတ်ဆေးဘူးများ အသုံးပြုခြင်းမှ ထွက်ရှိလာသော ဘရိုမင်း (Bromin,Br) များ၏ ပမာဏသည် လေထုအတွင်း၌ လျင်မြန်စွာ များပြားလာလျက်ရှိကြောင်း တွေ့ရှိခဲ့ကြပါသည်။ ဘရိုမင်းသည် အန္တာတိတ်ဒေသရှိ အိုဇုန်းလွှာအား ၁၀ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းအထိ လျော့နည်းယိုယွင်းစေနိုင်သည်ဟု ယုံကြည်ထားကြပါသည်။

CFCs များသည် အိုဇုန်းလွှာကို လျော့နည်းယိုယွင်းစေနိုင်ကြောင်း သိပ္ပံပညာရှင်များ၏ ခိုင်မာသောတင်ပြချက်များနှင့် ကမ္ဘာသူ ကမ္ဘာသားများ၏ လှုံ့ဆော်မှုများကြောင့် “၁၉၈၇ မွန်ထရီရယ် သဘောတူညီချက်” (1987 Montreal Protocol) ဟု အမည်တွင်သော သဘောတူညီချက်တစ်ရပ် ပေါ်ထွက်လာခဲ့ပါသည်။ ယင်းသဘောတူညီချက်၏ ရလဒ်အဖြစ် ၁၉၉၀ ပြည့်လွန်နှစ်များတွင် CFCs ထုတ်လွှတ်မှုများကို လျှော့ချနိုင်ခဲ့သည်။ CFCs များသည် အိုဇုန်းလွှာကို ယိုယွင်းလျော့နည်းစေသည့်ဝတ္ထုများ (Ozone-depleting Substances-ODSs) ဖြစ်သည်သာမက အစွမ်းထက်သော မှန်လုံအိမ်အာနိသင်ရှိသည့် ဒြပ်ပေါင်းများလည်းဖြစ်သဖြင့် ကမ္ဘာကြီးပူနွေးလာမှု လျှော့ချရေးကိုပါ အထောက်အကူပြုပေးခဲ့ပါသည်။ CFCs မော်လီကျူးတစ်ခုသည် အပူလှိုင်းများကို ကာဗွန်ဒိုင်အောက်ဆိုက် မော်လီကျူးတစ်ခု၏ အဆပေါင်း တစ်သောင်းခန့် စုပ်ယူနိုင်စွမ်းရှိပါသည်။

လေထုဒုတိယအလွှာတွင်ရှိသော အိုဇုန်းလွှာမှ အိုဇုန်းဓာတ်ငွေ့များသည် လူသားများနှင့် သက်ရှိများအား ကာကွယ်ပေးထားသော်လည်း “အိုဇုန်းဓာတ်ငွေ့” သည် ပင်ကိုအားဖြင့် ကျိန်းစပ်စေသော (irratating) သတ္တိရှိသဖြင့် လူသားများ၏ ကျန်းမာရေးကို ထိခိုက်နိုင်ပါသည်။ စားတတ်သော (corrosive) သတ္တိရှိသည်။ အရောင်မရှိ၊ လျှပ်စစ်ဝိုင်ယာကြိုးမီးလောင်သည့်အခါ ထွက်လာသော အနံ့နှင့်တူသည့် စူးရှသောအနံ့ရှိသည်။ ၁၉၅၀ ပြည့်လွန်နှစ်များက အမေရိကန်ပြည်ထောင်စု လော့စ်အိန်ဂျလိစ်ပြည်နယ်နှင့် တောင်ပိုင်းကယ်လီဖိုးနီးယားပြည်နယ်များတွင် လျင်မြန်စွာများပြားလာသော မီးခိုးမြူများ (smog) နှင့်ပတ်သက်၍ သိပ္ပံပညာရှင်များက စူးစမ်းခဲ့ကြရာ မော်တော်ကားများ၏ အိတ်ဇောပိုက်များပေါ်သို့ နေရောင်ခြည် ကျရောက်သည့်အခါ၌ ဆိုးရွားသော အနံ့တစ်မျိုးထွက်ပေါ်လာသည်ကို သိရှိခဲ့ကြပါသည်။ အမှန်မှာ လေထုအတွင်း၌ မူလကတည်းမြဲသည်ဟု လက်ခံထားခဲ့ကြသော ဓာတ်ငွေ့များနှင့် အလုပ်ရုံ စက်ရုံများ၊ မော်တော်ယာဉ်များမှ ထုတ်လွှတ်လိုက်သော ဓာတ်ငွေ့များ ဓာတ်ပြုကြပြီး အိုဇုန်းဓာတ်ငွေ့များ ထွက်ရှိလာခြင်းဖြစ်ပါသည်။

လေထုပထမအလွှာအတွင်းသို့ ရောက်ရှိလာသော နေရောင်ခြည်များ၌ အောက်ဆီဂျင်မော်လီကျူးကို ဖြိုဖျက်နိုင်သည့် စွမ်းအင်လျော့နည်းသွားသဖြင့် အောက်ဆီဂျင်မော်လီကျူးသည် အောက်ဆီဂျင်အက်တမ်များအဖြစ် ကွဲထွက်သွားရန် အခွင့်အလမ်းမရှိပါ။ ထို့ကြောင့် အိုဇုန်းမော်လီကျူးဖြစ်ပေါ်လာရန် အကြောင်းမရှိတော့ပါ။ သဘာဝတရားက အစွမ်းထက်သော မှန်လုံအိမ်ဓာတ်ငွေ့တစ်မျိုးဖြစ်သည့် အိုဇုန်းဓာတ်ငွေ့များကို လူသားများ၊ သက်ရှိများနှင့် နီးကပ်နေသည့် လေထုပထမအလွှာ (ထရိုပိုစဖီးယား- Troposphere၊ ကမ္ဘာမြေမျက်နှာပြင်၏အထက် - အီကွေတာ၌ ဒု ၁၁ မိုင်ခန့်နှင့် ဝင်ရိုးစွန်းများတွင် ဒု ၅ မိုင်ခန့်ရှိသည်။ ကမ္ဘာ့လေထုတွင် အလွှာလေးလွှာရှိရာ တတိယအလွှာနှင့် စတုတ္ထအလွှာကို မက်ဆိုစဖီးယား - Mesosphere နှင့် သာမိုစဖီးယား- Thermosphere ဟုခေါ်သည်။) အတွင်း၌ အလွန်နည်းပါးစွာ ရှိနေစေရန် ဖန်တီးပေးထားခြင်းဖြစ်ပါသည်။

လူသားများ၏ လုပ်ဆောင်ချက်များကြောင့် စက်တပ်ယာဉ်ယန္တရားများနှင့် စက်မှုလုပ်ငန်းများမှ ထုတ်လွှတ်လိုက်သော ဟိုက်ဒရိုကာဗွန်များ (hydrocarbons) နှင့် နိုက်ထရိုဂျင်အောက်ဆိုက်များ (nitrogen oxides) ဓာတ်ပြုခြင်းများမှ ထွက်ရှိလာသည့် အိုဇုန်းဓာတ်ငွေ့များသည် ထိရောက်မှုရှိသော၊ အစွမ်းထက်သော မှန်လုံအိမ်ဓာတ်ငွေ့တစ်မျိုး ဖြစ်ပါသည်။ ထို့ကြောင့် လေထုပထမအလွှာအတွင်း၌ သာမန်အားဖြင့် အလွန်နည်းပါးစွာရှိသော အိုဇုန်းဓာတ်ငွေ့များ ပိုမိုများပြားလာသည်နှင့်အမျှ ကမ္ဘာကြီးပူနွေးလာမှုကို အကျိုးသက်ရောက်စေမည်ဖြစ်ပါသည်။ သဘာဝတရားက လူသားများ ရှင်သန်ရပ်တည်နိုင်ရန် ဖန်တီးပေးထားသည်များကို လူသားများကပင် ပျက်ယွင်းအောင် ဆောင်ရွက်နေသည့် သာဓကတစ်ခုဖြစ်ပါသည်။

ထို့ကြောင့် ကမ္ဘာ့လေထု ဒုတိယအလွှာတွင်တည်ရှိနေသော အိုဇုန်းလွှာ၌ အိုဇုန်းဓာတ်ငွေ့ပမာဏ များပြားသိပ်သည်းသည်နှင့်အမျှ အန္တရာယ်ပေးနိုင်သော ခရမ်းလွန်ရောင်ခြည် UV-C များကို ပိုမိုစုပ်ယူနိုင်သဖြင့် လူသားများနှင့် သက်ရှိများအား အကျိုးပြုနိုင်ခြင်းကြောင့် ထိုအလွှာ၌ တည်ရှိနေသော အိုဇုန်းဓာတ်ငွေ့များသည် လူသားများ၏ မိတ်ဆွေကောင်း ဖြစ်ပါသည်။ အိုဇုန်းလွှာ ယိုယွင်းလျော့နည်းခြင်းများဖြစ်လျှင် မကောင်းပါ။ သို့ရာတွင် အိုဇုန်းလွှာ လျော့နည်းခြင်းကြောင့် ကမ္ဘာကြီးပူနွေးလာခြင်း မဟုတ်ပါ။

တစ်ဖက်တွင်လည်း ကမ္ဘာမြေမျက်နှာပြင်နှင့် အနီးကပ်ဆုံး တည်ရှိနေသည့် လေထုပထမအလွှာတွင် အိုဇုန်းဓာတ်ငွေ့များ သာမန်ထက် ပိုမိုများပြားလာပါက ကမ္ဘာ့အပူချိန်မြင့်တက်ပြီး အကျိုးဆက်အဖြစ် ရာသီဥတုပြောင်းလဲဖောက်ပြန်မှုများကို ဖြစ်ပေါ်စေသဖြင့် ဖော်ပြပါ လေထုပထမအလွှာတွင် တည်ရှိနေသော အိုဇုန်းဓာတ်ငွေ့များသည် လူသားများအတွက် ရန်သူဖြစ်ပါသည်။ ထို့ကြောင့် အိုဇုန်းဓာတ်ငွေ့သည် လူသားများ၏ မိတ်ဆွေဆိုလျှင်လည်း မှန်ပါသည်။ လူသားများ၏ ရန်သူဆိုလျှင်လည်း မမှားပါ။ လေထုဒုတိယအလွှာအတွင်း အိုဇုန်းလွှာလျော့နည်းခြင်းနှင့် လေထုပထမအလွှာအတွင်း အိုဇုန်းဓာတ်ငွေ့များ များပြားလာခြင်းဆိုသည့် ကဏ္ဍနှစ်ခုသည် သီးခြားကဏ္ဍတစ်ခုစီ ဖြစ်ပါသည်။

ကမ္ဘာ့ရာသီဥတု ပြောင်းလဲဖောက်ပြန်မှုများ၏ အဓိကတရားခံဖြစ်သော မှန်လုံအိမ်ဓာတ်ငွေ့များနှင့် ပတ်သက်၍ ဂဃနဏ အခြေခံမှစ၍ သိရှိနားလည်သဘောပေါက်ထားခြင်းဖြင့် ရာသီဥတုပြောင်းလဲဖောက်ပြန်မှုများကို ဟန့်တားနိုင်ပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတွင် ပိုမိုပါဝင်ဆောင်ရွက်နိုင်ကြပါစေဟု ဆန္ဒပြုအပ်ပါသည်။ ။

UN-HABITAT မှ ရှာဖွေရေးနှင့် ကယ်ဆယ်ရေးဝတ်စုံများ ပေးအပ်လှူဒါန်း

ရန်ကုန် ဩဂုတ် ၂၁

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနသို့ UN-HABITAT မှ လှူဒါန်းသော ရှာဖွေရေးနှင့် ကယ်ဆယ်ရေးဝတ်စုံများ လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အုတ်ပုံဆိပ်လမ်းရှိ မီးသတ်ဦးစီးဌာန(ရုံးချုပ်)၌ ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေ၊ မြန်မာနိုင်ငံဆိုင်ရာ UN-HABITAT ဌာနေကိုယ်စားလှယ် Mr. POPURI၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနနှင့် မီးသတ်ဦးစီးဌာနတို့မှ အရာရှိကြီးများတက်ရောက်ကြပြီး ရှေးဦးစွာ UN-HABITAT ဌာနေကိုယ်စားလှယ် Mr. POPURI က ရှာဖွေရေးနှင့် ကယ်ဆယ်ရေးဝတ်စုံများ လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ပြန်လည်ပေးအပ်

ထို့နောက် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနအတွက် ရှာဖွေရေးနှင့် ကယ်ဆယ်ရေးဝတ်စုံများကို UN-HABITAT ဌာနေကိုယ်စားလှယ်က ပေးအပ်လှူဒါန်းရာ ဒုတိယဝန်ကြီး ဦးဘုန်းဆွေက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာနှင့် အမှတ်တရလက်ဆောင်ပစ္စည်းများကို ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျေးလက်ဒေသဖွံ့ဖြိုးရေး သုံးခွ၌ ဟောပြော

ရန်ကုန် ဩဂုတ် ၂၁

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေး ပညာပေးဟောပြောပွဲကို ဩဂုတ် ၁၉ ရက် မွန်းလွဲ ၁ နာရီက ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်စိုးစိုးတင့်က အမှာစကားပြောကြားသည်။

ဖတ်ကြား

ထို့နောက် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးစာတမ်းကို အထက်တန်းပြ ဆရာမ ဒေါ်ခင်လပြည့်က ဖတ်ကြားဟောပြောသည်။ **(အပေါ်ပုံ)**

အဆိုပါဟောပြောပွဲသို့ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၃၀၀ ကျော် တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မိတ္ထီလာ၌ နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေး

မိတ္ထီလာ ဩဂုတ် ၂၁

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် မိတ္ထီလာမြို့ အထက (၁)တွင် နိုင်ငံသား အရည်အချင်းပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးခြင်းကို မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဌာနမှူး ဦးကိုကိုစိုးနှင့် ဝန်ထမ်းများ ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၇ ရက်မှ ၁၉ ရက်အထိ နိုင်ငံသားအရည်အချင်းပြည့်မီသူ ၅၁၂ ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးခဲ့ကြောင်း သိရှိရသည်။ **(၄၁၄)**

နိုင်ငံတစ်ဝန်း
သစ်တောစွမ်းဖြင့်
စိမ်းလန်းစေရမည်

မြန်မာ့အလင်း | ပြည်တွင်းအားကစား | ပြည်တွင်းအားကစား | ပြည်တွင်းအားကစား

တောင်ကြီးဇုန်တက္ကသိုလ်များ အမျိုးသား၊ အမျိုးသမီး ဘောလုံးပြိုင်ပွဲဖွင့်

နေပြည်တော် ဩဂုတ် ၂၁

ရှမ်းပြည်နယ် ၂၀၁၁ ခုနှစ် တောင်ကြီးဇုန်တက္ကသိုလ်များ အမျိုးသား၊ အမျိုးသမီး ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၉ ရက် မွန်းလွဲပိုင်းက တောင်ကြီးမြို့ ကမ္ဘောဇဘောလုံးအားကစားကွင်း၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်၊ လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးစိုင်းခမ်းမှတ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာအကြီးအကဲများ၊ တောင်ကြီးတက္ကသိုလ် တာဝန်ခံပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ တက္ကသိုလ်အသီးသီးမှ ပါမောက္ခချုပ်များ၊ ပါမောက္ခဌာနမှူးများ၊ ပါမောက္ခများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ပြိုင်ပွဲဝင် အားကစားသမားများ တက်ရောက်ကြသည်။

စတင်ယှဉ်ပြိုင်

၂၀၁၁ ခုနှစ် တောင်ကြီးဇုန်တက္ကသိုလ်များ အမျိုးသား၊ အမျိုးသမီး ဘောလုံးပြိုင်ပွဲတွင် တောင်ကြီးတက္ကသိုလ်၊ လွိုင်ကော်တက္ကသိုလ်၊ ပင်လုံတက္ကသိုလ်၊ ကျိုင်းတုံတက္ကသိုလ်နှင့် လားရှိုးတက္ကသိုလ်အသင်းများ ပါဝင်ယှဉ်ပြိုင်ကြပြီး ပထမပွဲစဉ်အဖြစ် တောင်ကြီးတက္ကသိုလ်နှင့် ပင်လုံတက္ကသိုလ်အသင်းတို့ စတင်ယှဉ်ပြိုင်ခဲ့ကြသည်။ **(သတင်းစဉ်)**

ဖူဆယ်အသင်းအတွက် အားကစားသမားများရွေးချယ်

ရန်ကုန် ဩဂုတ် ၂၁

(၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် အမျိုးသမီး လက်ရွေးစင် ဖူဆယ်အသင်းအတွက် ပဏာမလက်ရွေးစင် အားကစားသမားများကို ရွေးချယ်လိုက်ပြီဖြစ်ရာ သန္တာ၊ ဇင်မင်းထွန်း၊ မြင့်မြင့်သန်း၊ အေးငြိမ်းသူ၊ အေးနန္ဒာလှိုင်၊ သူဇာထွေး၊ မူမူလွင်၊ မိုးမိုးထွေး၊ စန္ဒာထွေး၊ ငုဝါဝါစိုး၊ ဖူးပွင့်ခိုင်၊ အိအိဖြိုး၊ ဆုမွန်၊ ကြည်ကြည်ဆန်း၊ ဝါဝါထွေး၊ ရီရီလွင်၊ မေသက်ဖြူနှင့် မိုးစန္ဒာထွန်းတို့ဖြစ်ပြီး နည်းပြ ဦးဌေးမြင့်က လေ့ကျင့်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မိုးရာသီအလွတ်တန်း အမျိုးသား၊ အမျိုးသမီး ဘိုးလင်းဆုပေးပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၂၁

မြန်မာနိုင်ငံ ဘိုးလင်းအဖွဲ့ချုပ်မှ ကျင်းပသော ၂၀၁၁ ခုနှစ် မိုးရာသီအလွတ်တန်းအမျိုးသား၊ အမျိုးသမီး တစ်ဦးချင်း ဘိုးလင်းပြိုင်ပွဲဆုပေးပွဲကို ယနေ့ ညနေ ၄ နာရီက ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် Right Track Bowling Centre ၌ ကျင်းပသည်။

ရှေးဦးစွာ ဆုပေးပွဲကို ကျင်းပရာ အမျိုးသားပြိုင်ပွဲတွင် ပထမ မြင့်တိုး နေပြည်တော်စည်ပင်၊ ဒုတိယ ဇော်ဇော်လှိုင် နေပြည်တော်စည်ပင်၊ တတိယ ဇော်လင်းထွန်း နေပြည်တော်စည်ပင်တို့အား ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) ဒုတိယပါမောက္ခချုပ် ဦးထွဏ်းကြည်က ဆုများချီးမြှင့်သည်။ **(ဝဲပုံ)**

ဆက်လက်၍ အမျိုးသမီးပြိုင်ပွဲတွင် ပထမအေးအေးမော် နေပြည်တော်စည်ပင်၊ ဒုတိယ မေမဥ္ဇူလွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ တတိယ ဇာဇာလင်း နေပြည်တော်စည်ပင်တို့အား မြန်မာနိုင်ငံ ဘိုးလင်းအဖွဲ့ချုပ် အတွင်းရေးမှူး ဦးအောင်ခင်ဇံက ဆုများချီးမြှင့်သည်။ **(မြန်မာ့အလင်း)**

နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(အင်္ဂါနေ့ -နံနက်+နေ့လယ်+ည)

၂၃-၈-၂၀၁၁

၇း၀၀	အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ ကြေညာချက်
၇း၀၅	တရားတော် (အာဠာနာဋိယသုတ်+ ဂုဏ်တော်ကွန်ချာ)
၇း၃၀	မမ္မပူဇာတေးပဒေသာ
၇း၃၅	(၃၈)ဖြာမင်္ဂလာ နံနက်ခင်းတေးပဒေသာ
၈း၀၀	စံတော်ချိန် + သတင်း
၈း၁၀	နံနက်ခင်းတေးပဒေသာ
၈း၃၀	ဘဝအသွင်ကဗျာ့အမြင် (ပယ်ဆုပန်ဆု)
၈း၃၅	**(၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အဆိုပြိုင်ပွဲဝင်များလေ့လာရန် စံတေးသီချင်းများ**
၁၀း၀၀	မွေးနေ့လက်ဆောင်
၁၀း၃၀	သတင်းစာအာဘော်
၁၀း၃၅	တေးပဒေသာ
၁၀း၄၅	ခံတွင်းမြိန်စရာ သူ့လက်ရာ (ငါးမုန်ညင်းချဉ်ဟင်း) တေးသီချင်း
၁၁း၀၀	နေ့လယ်ခင်းသတင်း နေ့လယ်ခင်းတေးပဒေသာ
၁၁း၂၅	Talk on Line (ငဲငယ်)
၁၁း၅၀	တေးပဒေသာ
၁၂း၀၀	စံတော်ချိန် နေ့လယ်ခင်းတေးပဒေသာ
၁၂း၄၀	ပြီးပဒေသာ
၁၃း၀၀	မွန်းလွဲပိုင်းသတင်း
၁၃း၁၀	ပညာရေးအစီအစဉ် (တတိယတန်း-ပထဝီဝင်) တေးပဒေသာ
၁၃း၃၀	အစီအစဉ်ပြီး၏။
၁၆း၀၀	အဖွင့်တီးလုံး+ကြေညာချက် **(၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အဆိုပြိုင်ပွဲဝင်များလေ့လာရန် စံတေးသီချင်းများ**
၁၆း၃၀	သောတရှင်လိုရာတေး
၁၇း၀၀	မေတို့တွက်တာအလှကမ္ဘာ (စနစ်တကျခေါင်းလျှော်နည်းနှင့် ဆံကေသာစောင့်ရှောက်မှု)
၁၇း၁၅	ပြောပါရစေရှင် (စက္ကန့်လေးတွေစိန်စီထားမယ်)
၁၇း၂၅	သတင်းစာဆောင်းပါး
၁၇း၃၀	ညနေခင်းတေးပဒေသာ
၁၇း၄၅	စူးစမ်းရှာဖွေ ကမ္ဘာမြေ (၁၉)
၁၈း၀၀	ညနေခင်းသတင်း
၁၈း၁၀	လယ်ယာစီးပွား (စံပယ်စိုက်ပျိုးနည်း)
၁၈း၃၀	စာအုပ်စာပေလူ့မိတ်ဆွေ ၁။ ကလေးကမှလူကြီးဖြစ်တာ (ချစ်နိုင်-စိတ်ပညာ) ၂။ ကျွန်တော်နှင့် တစ်ဝက်တစ်ပျက် အိပ်မက်များ (သဲအောင်) တေးပဒေသာ
၁၈း၄၅	ချိုချစ်ဖွယ် အင်္ဂလိပ်တေးသီချင်းကဏ္ဍ
၁၉း၀၀	နိုင်ငံတကာသတင်း
၁၉း၁၀	ဇာတ်လမ်းပမာ နားဆင်စရာ (ကျွန်တော့်ဇနီးခင်ပြာယာ)
၁၉း၃၀	တေးပဒေသာ
၂၀း၀၀	ပြည်တွင်းသတင်း
၂၀း၂၀	တေးစီးရီး (အဲလက်စ် - Live Show) တေးပဒေသာ
၂၁း၀၀	ခံစားနားဆင် မြန်မာတေးသံစဉ်
၂၁း၃၀	ညချမ်းချိန်ခါတေးပဒေသာ

လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး မြေစိုက်ပိုစတာ ဇီးကုန်းမြို့နယ်၌ စိုက်ထူ

ဇီးကုန်း ဩဂုတ် ၂၁

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ဇီးကုန်းမြို့နယ်အတွင်းရှိ ပြည်သူများ လျှပ်စစ်အန္တရာယ် ကင်းရှင်းစေရေးအတွက် အသိပညာပေးမြေစိုက်ပိုစတာ စိုက်ထူခြင်းနှင့် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ဩဂုတ် ၂၀ ရက်က ရန်ကုန်-ပြည်လမ်းရှိ စည်ပင်သာယာပန်းခြံရှေ့၌ စိုက်ထူပွဲကျင်းပသည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးခင်ဇော်အောင်နှင့် ဝန်ထမ်းများက မြေစိုက်ပိုစတာ စိုက်ထူခြင်းကို ဆောင်ရွက်ခဲ့ကြပြီး လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေး လက်ကမ်းစာစောင်များကို မြို့ပေါ်ရပ်ကွက်များ၊ လူစည်ကားရာ ဈေးနှင့် လမ်းဆုံများ၌ လိုက်လံဝေငှပေးခဲ့ကြောင်း သိရသည်။

ကျင်းပမည်

ဆက်လက်၍ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး ပညာပေးဟောပြောပွဲများကိုလည်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မြန်မာ့အလင်း | မှုခင်းသတင်း

မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

ရန်ကုန် ဩဂုတ် ၂၁

ဩဂုတ် ၉ ရက် မွန်းလွဲ ၁ နာရီတွင် ကွမ်းလုံ မူးယစ်အထူးတပ်ဖွဲ့ဝင်များသည် လောက်ကိုင်မြို့အဝင် စစ်ဆေးရေးဂိတ်၌ လောက်ကိုင်မြို့မှ ချင်းရွှေဟော်မြို့သို့ မောင်းနှင်လာသည့် ခရီးသည်တင်ဗင်ကားကို ရှာဖွေခဲ့ရာ လောက်ကိုင်ခရိုင်နေ ကျောင်းကျုံးဖျင့်(ခ) ကျုံးဖျင့်အသက် (၃၂) နှစ်၏ လွယ်အိတ်အတွင်းမှ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၆၀၊ စတီးရောင် ပစ္စတိုသေနတ် တစ်လက်၊ ကျည်ကတ်တစ်ခုနှင့် ယင်းကျည် ခုနစ်တောင့်တို့ကိုလည်းကောင်း၊ ဩဂုတ် ၁၁ ရက် ညနေ ၆ နာရီခွဲတွင် လားရှိုးမူးယစ်အထူးအဖွဲ့မှ တပ်ဖွဲ့ဝင်များသည် သိန္နီမြို့နယ် ရေပူကန့်သတ်ကုန်စစ်ဆေးရေးစခန်း၌ မူဆယ်-မန္တလေး ခရီးသည်တင်မှန်လုံယာဉ်ဖြင့် လိုက်ပါလာသည့် ခရီးသည် ကျော်ကျော်ထွန်းအသက် (၃၂) နှစ်ထံမှ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၄၈၅ ပြားကိုလည်းကောင်း၊ ဩဂုတ် ၁၃ ရက် မွန်းလွဲ ၁ နာရီတွင် ဇရပ်ကြီးရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ထန်းတပင်မြို့နယ် ဇရပ်ကြီးကျေးရွာအုပ်စုနှင့် ကြို့ပင်သာကျေးရွာအုပ်စုကြား တောင်ငူ-မုပ္ပလင်ကားလမ်း၌တွေ့ရှိသည့် ဖိုးတင့် အသက် (၅၀) ထံမှ ဆေးခြောက် ၃ ဒသမ ၄၂၉၃ ကီလိုကိုလည်းကောင်း သိမ်းဆည်းရမိခဲ့ပြီး သက်ဆိုင်ရာရဲစခန်းများက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိသည်။ **(သတင်းစဉ်)**

လူသတ်ပစ္စည်းယူသူများအား ဖော်ထုတ်ဖမ်းဆီး

ရန်ကုန် ဩဂုတ် ၂၁

၂၀၁၀ ခုနှစ် ဇွန် ၂၂ ရက် ညနေပိုင်းတွင် ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် အမှတ်(၃)ရပ်ကွက် အောင်မင်္ဂလာလမ်းနေ ဆရာမ ဒေါ်ဥမ္မာခင်သည် ကျောင်းမှအိမ်သို့ ပြန်ရောက်စဉ် အတူနေအစ်မဖြစ်သူ ဒေါ်မွှေးမွှေးခင် အသက် (၅၂) နှစ်မှာ အိပ်ခန်းခုတင်ခေါင်းရင်းရှိ ဆက်တီကုလားထိုင်၌ စက်ဘီးချည်သည့် အနီရောင်ရော်ဘာကြိုး လည်ပင်းပတ်လျက် သေဆုံးနေပြီး ရွှေဆွဲကြိုး အပါအဝင် ရွှေ၊ ငွေ ပစ္စည်း စုစုပေါင်း ငွေကျပ် ၅၉ သိန်းခန့် ပျောက်ဆုံးနေကြောင်း သိရ၍ အရေးယူပေးပါရန် ခရမ်းမြို့နယ် ရဲစခန်းသို့ တိုင်ကြားခဲ့သည်။

မသင်္ကာဖွယ်ရှိသည့် ခရမ်းမြို့နယ် အမှတ်(၃)ရပ်ကွက် ဗိုလ်မြတ်ထွန်းလမ်းနေ အောင်ကျော်ဖြိုး အသက် (၂၁)နှစ်နှင့် ရွှေဘိုစုရွာနေ ဇော်လွင်ဦး (ခ) ဇော်လွင် အသက် (၂၃)နှစ်တို့ နှစ်ဦးကို သက်ဆိုင်ရာက ခေါ်ယူစစ်ဆေးခဲ့ရာ အောင်ကျော်ဖြိုးမှာ အခင်းဖြစ်နေအိမ်၌ (၇)တန်းမှ (၁၀)တန်းအထိ ညအိပ်နေထိုင်ခဲ့ဖူးသည့် တပည့်တစ်ဦးဖြစ်ကြောင်း၊ ဇော်လွင်ဦးမှာ ဆိုင်ကယ်ပြင်ရန် ငွေလိုနေသဖြင့် အောင်ကျော်ဖြိုးက ငွေရမည့် နည်းလမ်းရှိကြောင်း ပြောဆိုရာမှ အောင်ကျော်ဖြိုးနှင့်အတူ အခင်းဖြစ်နေအိမ်သို့သွားကြကြောင်း၊ အောင်ကျော်ဖြိုးက ဆရာမဟုခေါ်ပြီး နေအိမ်အတွင်း ဝင်သွားသဖြင့် ဇော်လွင်ဦးလည်း လိုက်ဝင်ခဲ့ကြောင်း၊ အိပ်ခန်းအတွင်းမှ ဆရာမ ဒေါ်မွှေးမွှေးခင်က ဇော်လွင်ဦးကို ရုတ်တရက်တွေ့လိုက်ရသဖြင့် "သူခိုး သူခိုး"ဟု အော်ကြောင်း၊ ဇော်လွင်ဦးက ဒေါ်မွှေးမွှေးခင်၏ပါးစပ်ကို ပြေးပိတ်ပြီး လဲကျသွားစဉ် အောင်ကျော်ဖြိုးက ဆရာမဟု ခေါ်ကြည့်ရာ ခေါ်မရတော့သဖြင့် ခေါင်းရင်းခန်းရှိ ဆက်တီကုလားထိုင်ပေါ်သို့ရွှေ့ကာ စက်ဘီးချည်သည့် အနီရောင်ရော်ဘာကြိုးဖြင့် လည်ပင်းကို ရစ်ပတ်ကာ ကြိုးစနှစ်ဖက်အား ပြတင်းပေါက်သံတိုင်၌ ချိတ်ဆွဲ၍ ကြိုးဆွဲချ သေသည့်ပုံစံမျိုးဖြစ်အောင် ပြုလုပ်ခဲ့ကြောင်း စစ်ဆေးဖော်ထုတ် တွေ့ရှိခဲ့ရသဖြင့် ပြစ်မှုကျူးလွန်သူနှစ်ဦးအား ထိရောက်သော ပြစ်ဒဏ်ရရှိရေးအတွက် သက်ဆိုင်ရာ ရဲစခန်းက တရားစွဲဆိုတင်ပို့ခဲ့ရာ ရန်ကုန်တောင်ပိုင်းခရိုင် တရားရုံးက အမှုကို လက်ခံစစ်ဆေးလျက်ရှိသည်။ **(သတင်းစဉ်)**

နိုင်ငံသားစိစစ်ရေးကတ်ပြားများ အမြို့မြို့အနယ်နယ်တွင် ပေးအပ်

၂၂-၈-၂၀၁၁

ရခိုင်ပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ပြည်နယ်ဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးကျော်ယဉ်ဦး၊ စစ်တွေခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးအေးသန်း၊ စစ်တွေမြို့နယ်ဦးစီးဌာနမှူး ဦးစီးအရာရှိ ဦးကျော်ဇောနှင့် ဝန်ထမ်းများ ဩဂုတ် ၁၀ ရက်က စစ်တွေမြို့ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများထုတ်ပေးနိုင်ရေးအတွက် ကွင်းဆင်းဆောင်ရွက်ကြစဉ်။ (ခရိုင် ပြန်/ဆက်)

တိုက်ကြီးမြို့နယ်၌ ဆောင်ရွက်ပေး

ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် ဥက္ကံရွာမကျေးရွာတွင် နိုင်ငံသားအရည်အချင်းပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်နိုင်ရေးအတွက် ဩဂုတ် ၁၇ ရက်က လူဝင်မှုကြီးကြပ်

ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးဌာနမှူး ဦးစောဝဏ္ဏနှင့်ဝန်ထမ်းများ ကွင်းဆင်းဆောင်ရွက်နေမှုကို ခရိုင်ဦးစီးမှူး ဦးမောင်မောင်သန်း (အပေါ်ပုံ) ကြီးကြပ်ဆောင်ရွက်ခဲ့ပြီး ကျေးရွာပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုလူဦးရေစာရင်းများ ဖြေလျှော့ဆောင်ရွက်ပေးလျက်ရှိသောနည်းလမ်းများကို ရှင်းလင်း ပြောကြားခဲ့ကြောင်း သိရှိရသည်။

(မြို့နယ်လဝက)

မော်လမြိုင်ကျွန်း၌ ပေးအပ်

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် မော်လမြိုင်ကျွန်းမြို့နယ် ကပ်ခိုကျေးရွာအုပ်စု ကပ်ခိုရွာမ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၌ နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲအခမ်းအနားကို ဩဂုတ် ၁၆ ရက် နံနက် ၁၁ နာရီက ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ခရိုင်ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ထွန်းနှင့်မြို့နယ်ဦးစီးဌာနမှူး ဦးငွေအောင်တို့က နိုင်ငံသားအရည်အချင်းပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ကြသည်။ **(အောက်ပုံ)**

အဆိုပါအခမ်းအနားတွင် နိုင်ငံသားအရည်အချင်းပြည့်မီသူ ၃၄၃ ဦးတို့အား နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(ဝဇ၅)**

ကျွန်းလှမြို့နယ်၌ ပေးအပ်

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကျွန်းလှမြို့နယ်တွင် နိုင်ငံသားအရည်အချင်းပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်ပွဲကို ဩဂုတ် ၁၆ ရက်က မြို့နယ်စုပေါင်းရုံးခန်းမ၌ ကျင်းပရာ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းမြင့်က အင်းကောင်း၊ တင်းတိန်ရိုး၊ ကျီကုန်း၊ မကျီးအင်းနှင့် ရှမ်းစုကျေးရွာများမှ နိုင်ငံသားအရည်အချင်းပြည့်မီသူများ အား နိုင်ငံသားစိစစ်ရေးကတ်ပြား ၃၆၃ ကတ်ကို ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

(ဝဲပုံ) (မြို့နယ် ပြန်/ဆက်)

ကြာအင်းဆိပ်ကြီးမြို့နယ်၌ ပေးအပ်

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ကြာအင်းဆိပ်ကြီးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက ဖြေလျှော့သည့်နည်းများဖြင့် ကွင်းဆင်းဆောင်ရွက်ပေးခဲ့သော နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်ပွဲကို ဩဂုတ် ၈ ရက်က အခြေခံပညာအလယ်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဦးစီးမှူး ဦးမျိုးမင်း **(အောက်ပုံ)**က အသက် ၁၀ နှစ်ပြည့် ကျောင်းသား ၄၇ ဦးနှင့် ကျောင်းသူ ၅၂ ဦးတို့အား နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ်လဝက)**

ပေါင်းတည်၌ပေးအပ်

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ် မင်းကွက်အခြေခံပညာ အလယ်တန်းကျောင်း၌ ဩဂုတ် ၁၆ ရက်က နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲကျင်းပရာ မြို့နယ်ဦးစီးဌာန ဦးစီးမှူး ဦးဝင်းမြင့်က ကျောင်းအုပ်ဆရာမကြီးထံ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်စဉ်။

(မြို့နယ် ပြန်/ဆက်)

(၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ

နှဲပြိုင်ပွဲအတွက် ပြိုင်ပွဲဝင်များလေ့လာရန် တေးသီချင်းများ

(ယမန်နေ့မှအဆက်)

၁။ ဝါသနာရှင်(ပထမတန်း)အဆင့်(အမျိုးသား)
- (က) ညင်းညင်း (မွန်)
- (ခ) ကြုံကြုံဖန်ဖန် (ယိုးဒယား)
- (ဂ) သိင်္ဂါရွှေရောင် (ပတ်ပျိုး)
- (ဃ) ညို့ညို့ဆိုင်းဆိုင်း (ပတ်ပျိုး)
- (င) ဇမ္ဗူကျွန်းလုံး (သီချင်းခံ)
- (စ) မဲဇာတောင်ခြေ (ပတ်ပျိုး)
- (ဆ) မြိုင်ဂန္ဓမာ (ယိုးဒယား)
- (ဇ) ကောင်းချီးသဒ္ဒါ (မွန်)

၂။ ဝါသနာရှင်(ဒုတိယတန်း)အဆင့်(အမျိုးသား)
- (က) ပန်းပေဟဝန် (ယိုးဒယား)
- (ခ) ရေယမုန် (ပတ်ပျိုး)
- (ဂ) ဆဒ္ဒန်အိုင်သာ (သီချင်းခံ)

၃။ အဆင့်မြင့်ပညာအဆင့်(အမျိုးသား)
- (က) မှိုင်းရိပ်ကယ်တည့်ဝေမှောင် (ကြိုး)
- (ခ) လွမ်းဘွဲ့စေ (ပတ်ပျိုး)
- (ဂ) ဂန္ဓမာတောင် (ဘွဲ့)

၄။ အခြေခံပညာ(၁၅-၂၀)အဆင့်(အမျိုးသား)
- (က) မှန်ရဝေ (ပတ်ပျိုး)
- (ခ) လဲ့လဲ့ငယ်စိမ်းရောင် (ကြိုး)
- (ဂ) ဟေမဝန်ချာ (ဘွဲ့)

၅။ အခြေခံပညာ(၁၀-၁၅)အဆင့်(အမျိုးသား)
- (က) သီလာမြေယံ (ကြိုး)
- (ခ) ဇေယျာမြို့ (ကြိုး)
- (ဂ) စိမ်းလဲ့လဲ့ညိုပြာ (ကြိုး)

၆။ အခြေခံပညာ(၅-၁၀)အဆင့်(အမျိုးသား)
- (က) သာယာ သာယာ (ကြိုး)
- (ခ) သီဒါ သီဒါ မြသား (ကြိုး)
- (ဂ) ထွေတလာ (ကြိုး)

(ဆက်လက်ဖော်ပြပါမည်)

ဖျာပုံမြို့နယ်နှင့် ဒေးဒရဲမြို့နယ်တောင်သူများအား ပံ့ပိုးပစ္စည်းများ ထောက်ပံ့ပေးအပ်

ဖျာပုံ ဩဂုတ် ၂၁

မြန်မာ့စီးပွားရေးဦးပိုင်လီမိတက် အဓိပတိ လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးလီမိတက်မှ ဖျာပုံမြို့နယ်နှင့် ဒေးဒရဲမြို့နယ်ရှိ တောင်သူများအား စိုက်ပျိုးရေးလုပ်ငန်းဆိုင်ရာပံ့ပိုးပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲကို ဩဂုတ် ၁၅ ရက် မွန်းလွဲ ၁ နာရီက ဖျာပုံမြို့ သီရိအဏ္ဏဝါခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ စီးပွားရေးဦးပိုင်လီမိတက် ဒါရိုက်တာ ဒုတိယဗိုလ်မှူးကြီးစိုးတင့်(ငြိမ်း)က တောင်သူများအား ထောက်ပံ့ပေးအပ်ရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒါရိုက်တာ ဒုတိယဗိုလ်မှူးကြီးစိုးတင့်(ငြိမ်း)က ဖျာပုံမြို့နယ်အတွက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ထင်သို့လည်းကောင်း၊ ဒေးဒရဲမြို့နယ်အတွက် ဒုတိယဦးစီးမှူး ဦးဇော်ဝင်းလှိုင်သို့လည်းကောင်း ထောက်ပံ့ပစ္စည်းများနှင့် သက်ဆိုင်ရာစာရွက်စာတမ်းများကို ပေးအပ်သည်။ အဆိုပါအခမ်းအနားတွင် တောင်သူများသို့ ထောက်ပံ့ပေးသည့် ပံ့ပိုးပစ္စည်းတန်ဖိုးစုစုပေါင်းမှာ ငွေကျပ် ၁၀၉၆၂၀၀၀ ဖြစ်ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးဆောင်ရွက်

ပုသိမ် ဩဂုတ် ၂၁

ပုသိမ်မြို့ရှိ မြို့မဈေးအတွင်း ခြင်၊ ယင်များပေါက်ပွားမှုမရှိရေးနှင့် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ဈေးတာဝန်ခံ၊ ဈေးသူဈေးသားများနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးနေထက်ရှိန်တို့ ဩဂုတ် ၇ရက်က ခြင်ဆေးဖျန်းခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

ပုသိမ်မြို့နယ်အသင်း (ရန်ကုန်) စုပေါင်းအလှူပွဲ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၁

ပုသိမ်မြို့နယ်အသင်း (ရန်ကုန်)၏ နိုင်ငံတော်မှ ဘွဲ့တံဆိပ်ချီးမြှင့်ခြင်း ခံရသူများအား ချီးကျူးဂုဏ်ပြုပွဲနှင့် (၂၇)ကြိမ်မြောက် စုပေါင်းအလှူပွဲကို စက်တင်ဘာ ၁၈ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီခွဲတွင် အမှတ် (၂၁/၄၃-စီ) ကြားတောရလမ်း ရွှေတိဂုံဘုရား အရှေ့ဘက်မုခ် ဗဟန်းမြို့နယ်ရှိ ရေဝတီတိုင်းဒေသကြီး ဓမ္မာရုံ၌ကျင်းပမည်ဖြစ်ရာ အသင်းဝင်များနှင့် မြို့နယ်သူ၊ မြို့နယ်သားများသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက်တက်ရောက်ကြရန်နှင့် အလှူငွေနှင့် လှူဖွယ်ပစ္စည်း ပါဝင်လှူဒါန်းလိုသူများသည် ဥက္ကဋ္ဌ ဦးစိုးဟန်လင်း ဖုန်း-၀၉-၈၆၀၀၁၂၁၊ ဒုတိယ ဥက္ကဋ္ဌများဖြစ်ကြသော ဦးဘအေး ဖုန်း-၀၉-၅၀၁၆၆၁၃၊ ဦးမြင့်ဦး ဖုန်း-၃၈၁၃၆၁၊ ဦးသန်းအောင်လင်း ဖုန်း-၀၉-၅၀၀၃၇၀၉၊ ဦးမြင့်နိုင် ဖုန်း-၀၉-၅၁၂၃၄၁၁၊ အတွင်းရေးမှူး ဦးကျော်ကျော်ဝင်း ဖုန်း-၀၉-၅၀၀၆၁၂၈၊ တွဲဖက်အတွင်းရေးမှူး ဦးဝင်းငွေ ဖုန်း-၀၉-၈၀၂၀၅၀၄၊ ဘဏ္ဍာရေးမှူး ဦးလေးတင့် ဖုန်း-၂၂၁၉၇၈၊ တွဲဖက်အတွင်းရေးမှူး ဦးသက်ဝင်း ဖုန်း-၀၉-၅၁၅၀၁၀၀၊ အသင်းတိုက် ဖုန်း-၃၇၉၂၅၈ နှင့် အမှုဆောင်များထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ သွားတော်ဓာတ်တော်နှင့် ဆံတော်ရှင်သမိုင်းဝင် ကျိုက်သလ္လံစေတီတော်မြတ်ကြီး လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူပူဇော်ပွဲအတွက် ဩဂုတ် ၁၂ ရက်က မော်လမြိုင်မြို့ ဒေါင်းမင်းရပ် အမှတ် ၂၂ နေ (ဦးကြည်ထိန်)-ဒေါ်ခင်ဌေးရွှေ၊ သားသမီး၊ မြေးတစ်စုတို့က ငွေကျပ် ခြောက်သိန်းငါးသောင်း ပေးအပ်လှူဒါန်းရာ ဘုရားဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးစန်းမြင့်၊ ဘဏ္ဍာရေးမှူးဦးခင်မောင်ဝင်းတို့က လက်ခံရယူပြီး အလှူရှင်မိသားစုအား ဂုဏ်ပြုလွှာ ပေးအပ်စဉ်။ (၁၀၇)

အမြို့မြို့အနယ်နယ်၌ စာကြည့်တိုက်များဖွင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်း

နေပြည်တော် ဩဂုတ် ၂၁

လှိုင်သာယာ၌ စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် ကုလားကြီးစုကျေးရွာအုပ်စု ကံလှကျေးရွာ ပညာတံခွန်စာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲကို ဩဂုတ် ၇ရက် နံနက် ၉နာရီက ကျင်းပရာ သီရိမင်္ဂလာ ကံလှကျောင်းတိုက် နာယကဆရာတော် ဂန္ဓဝါစက ဘဒ္ဒန္တအာဒိစ္စ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ဆွေ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်ဝင်းနှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးဝင်းနောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ ကျေးရွာစာကြည့်တိုက်အတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်ဝင်းက ငွေကျပ်တစ်သိန်းတန်ဖိုးရှိ သုတ၊ ရသစာအုပ်များနှင့် ကိုမိုးနှင်း-မခင်မာဝင်း ရတနာရွှေဆိုင် မီးကွက်ဈေးက ငွေကျပ် တစ်သိန်းတန်ဖိုးရှိ သုတ၊ ရသစာအုပ်များကို ပေးအပ်လှူဒါန်းကြရာ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ဆွေက လက်ခံခဲ့ကြောင်း သိရှိရသည်။

(အပေါ်ပုံ) (မြို့နယ် ပြန်/ဆက်)

ဖရူဆိုမြို့နယ် ကျေးရွာစာကြည့်တိုက်များအတွက် ရုပ်မြင်သံကြားပြစက်နှင့် ဆက်စပ်ပစ္စည်းများလှူဒါန်း

ကယားပြည်နယ် ဖရူဆိုမြို့နယ်အတွင်းရှိ ကျေးရွာ(၁၃)ရွာမှ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် ရုပ်မြင်သံကြားပြစက်၊ မီးစက်၊ စကိုင်းနက် ဂြိုဟ်တုရုပ်သံဖမ်းစက်နှင့် ဆက်စပ်ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဩဂုတ် ၁၇ ရက် နံနက် ၁၀ နာရီက ဖရူဆိုမြို့နယ် အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်နယ်လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးဌာန ဝန်ကြီးဦးစောဟူးဟူးက အဖွင့်အမှာစကားပြောကြားသည်။

ပေးအပ်

ထို့နောက် ကျေးရွာများသို့ ရုပ်မြင်သံကြားပြစက်၊ မီးစက်၊ စကိုင်းနက် ဂြိုဟ်တုရုပ်သံဖမ်းစက်နှင့် ဆက်စပ်ပစ္စည်းများကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးရစ်ချတ်နှင့် အလှူရှင်ကိုယ်စားလှယ်များက ပေးအပ်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသို့ အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းနိုင်

မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းသည် ပြည်သူများ အသိပညာ ဗဟုသုတမြင့်မားလာစေရေးနှင့် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အားပေးကူညီ ဆောင်ရွက်လျက်ရှိရာ စေတနာရှင် အလှူရှင်များအနေဖြင့် အလှူငွေနှင့်စာအုပ်စာစောင်များ လှူဒါန်းလိုပါက မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း အမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၁၃၄၂၊ ၀၁-၂၀၁၉၃၆ နှင့် ၀၁-၃၉၈၇၅၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

စာအုပ်စာပေ လူ့မိတ်ဆွေ

လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး နတ်တလင်းမြို့နယ်၌ ပိုစတာ စိုက်ထူ

နတ်တလင်း ဩဂုတ် ၂၁

လျှပ်စစ်အန္တရာယ် ကင်းရှင်းရေး ဟောပြောပွဲနှင့် ပိုစတာစိုက်ထူပွဲများကို နတ်တလင်းမြို့နယ်အတွင်း သုံးနေရာတွင် ဩဂုတ် ၁၀ရက်က ကျင်းပရာ ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ် လျှပ်စစ်မှူး ဦးစောသောင်းနှင့် ဝန်ထမ်းများက လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး ဟောပြောကြပြီး ပညာပေးစာစောင်များ ဖြန့်ဝေကာ မြို့ပေါ် လူစည်ကားရာ နေရာများတွင် မြေစိုက်ပိုစတာများ စိုက်ထူခဲ့ကြကြောင်း သိရှိရသည်။ **(ဝဲပုံ)** **(မြို့နယ် ပြန်/ဆက်)**

မူလတန်းကြိုကျောင်း သံဖြူဇရပ်မြို့နယ်၌ ဖွင့်လှစ်

သံဖြူဇရပ် ဩဂုတ် ၂၁

သံဖြူဇရပ်မြို့နယ် ဆင်တောင်ကျေးရွာအုပ်စု တဒါတ်ထောက်ရွာတွင် ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း ဖွင့်ပွဲကို ဩဂုတ် ၁၇ ရက် နံနက်က အဆိုပါ ကျောင်းရှေ့၌ ကျင်းပရာ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်ထားတင်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးခင်သိန်းတို့က အဆောက်အအုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ဝေငှပေး

ဖွင့်ပွဲအခမ်းအနားသို့ သံဖြူဇရပ်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲကျော်ခိုင်၊ မြို့နယ် လက်ထောက်ပညာရေးမှူး ဦးသိန်းထွန်း၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်ထားတင်၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ဆင်တောင်ကျေးရွာမှ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျေးရွာပြည်သူများ တက်ရောက်ခဲ့ကြပြီး အခမ်းအနားတွင် မူကြိုကလေးငယ်များအား အာဟာရအစားအစာနှင့် ကစားစရာပစ္စည်းများ ဝေငှပေးခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မြစ်ရေလျှံမည့်ဘေး ကြိုတင်ကာကွယ်ရေး လှိုင်မြစ်ကမ်း၌ သဲအိတ်များချထားဆောင်ရွက်

ရန်ကုန် ဩဂုတ် ၂၁

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ်၌ လှိုင်မြစ်ကမ်းဒီရေ တက်ရောက်မြစ်ရေလျှံမှုမှ ကာကွယ်ရေးအတွက် အရှည်ပေ ၄၀၀၀ရှိ ကန်ပတ်တာတွင် ဩဂုတ် ၁၃ ရက်က သဲအိတ်ချကြိုတင်ကာကွယ်ခြင်းလုပ်ငန်း ဆောင်ရွက်ကြသည်။ **(အောက်ပုံ)**

ကြည့်ရှုစစ်ဆေး

အဆိုပါလုပ်ငန်းကို ကစင်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးစောလွင်ဦးနှင့် ဒေသခံပြည်သူများပူးပေါင်းဆောင်ရွက်ကြပြီး ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းလှိုင်တင်နှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရှိရသည်။ (၁၃၅)

မြို့သန့်ရှင်းသာယာလှပရေး ကျိုက်မရော၌ ဆောင်ရွက်

ကျိုက်မရော ဩဂုတ် ၂၁

ကျိုက်မရောမြို့အတွင်း သန့်ရှင်းသာယာလှပရေးနှင့် ရေစီးရေလာကောင်းမွန်ရေးအတွက် ဆောင်ရွက်လျက်ရှိရာ ရန်မျိုးအောင်ဈေးတွင် အမှိုက်များရှင်းလင်းခြင်းနှင့် ရေနုတ်မြောင်းများ တူးဖော်ခြင်းလုပ်ငန်းကို ဩဂုတ် ၁ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးလွင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးနေစိုးကျော်တို့ ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

တိရစ္ဆာန်ကူးစက်ရောဂါကာကွယ်ရေး ရွာငံ၌ ဟောပြော

ရွာငံ ဩဂုတ် ၂၁

ရှမ်းပြည်နယ် ရွာငံမြို့နယ်၌ တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၁၀ ရက် နံနက် ၉နာရီက လက်ပံပင်ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။ **(အောက်ပုံ)**

ပညာပေးဟောပြော

အခမ်းအနားတွင် ရှမ်းပြည်နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဒေါက်တာဝင်းမြင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သူနှင့် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာတင်ကိုကိုတို့က ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးဆိုင်ရာလုပ်ငန်းများနှင့်တိရစ္ဆာန်ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများအကြောင်းကို ပညာပေးဟောပြောခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မြေယာရှင်းအလှ ကန့်ကြီးထောင့်၌ဆောင်ရွက်

ကန့်ကြီးထောင့် ဩဂုတ် ၂၁

ကန့်ကြီးထောင့်မြို့ ဆင်ဖြူရှင်လမ်းတွင် မြေယာရှင်းအလှပြုပြင်ခြင်းကို အမှုဆောင်အရာရှိ ဦးလှသိန်း၊ တာဝန်ခံအင်ဂျင်နီယာ ဦးသန့်ဇင်ထွန်းနှင့်အဖွဲ့ ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၅ ရက်က ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မင်းနိုင် ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ဘူးသီးတောင်မြို့နယ်၌ စံပြကွက်ကွင်းပိတ်စိုက်ပျိုး

ဘူးသီးတောင် ဩဂုတ် ၂၁

ဘူးသီးတောင်မြို့နယ်၌ သိပ္ပံနည်းစနစ် ၁၄ချက်ဖြင့် မိုးစပါးစံပြကွက် ကွင်းပိတ်စိုက်ပျိုးပွဲကို ဩဂုတ် ၁၂ ရက် နံနက် ၉ နာရီက နန်းရာ ကုန်းကျေးရွာအုပ်စု ကွင်းအမှတ်(၃၂၆-A) ရှိ တောင်သူဦးစိုးမြင့်၏ လယ်မြေဧက ၄ ဒသမ ၂၀ တွင် ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးတင့်ဇော်နှင့်မြို့နယ်စိုက်/ကြပ်အဖွဲ့ဝင်များ၊ စိုက်ပျိုးရေး၊ မြေစာရင်းဝန်ထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးအောင်ခင်ငြိမ်းက သိပ္ပံနည်းစနစ် ၁၄ချက်နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကာ တက်ရောက်လာသူများက စိုက်ပျိုးရေးဝန်ထမ်းများ၏ သိပ္ပံနည်းစနစ် ၁၄ချက်ဖြင့် လက်တွေ့သရုပ်ပြစိုက်ပျိုးမှုကို ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရှိရသည်။**(အောက်ပုံ)**

(မြို့နယ် ပြန်/ဆက်)

မြို့နယ် အုပ်ချုပ်ရေးမှူး ဖလား ဘောလုံးပြိုင်

ပူတာအို ဩဂုတ် ၂၁

ကချင်ပြည်နယ် ပူတာအိုမြို့နယ် အုပ်ချုပ်ရေးမှူးဖလား အမျိုးသား (အလွတ်တန်း) ဘောလုံးပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၀ရက် ညနေ ၃ နာရီက မြို့နယ်ပြည်သူ့အားကစားကွင်း၌ ကျင်းပသည်။ အဆိုပါ ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်း (၂၀) ပါဝင်ယှဉ်ပြိုင်ကစားလျက်ရှိကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)



ရေစီးရေလာကောင်းမွန်ရေး ပန်းတနော်၌ဆောင်ရွက်

ပန်းတနော် ဩဂုတ် ၂၁

ပန်းတနော်မြို့နယ်အတွင်း မိုးရာသီရေစီးရေလာ ကောင်းမွန်ရေးအတွက် အနောက်ပိုင်းရပ်ကွက် စပယ်လမ်းဘေး ရေမြောင်းဖော်ခြင်းလုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများနှင့် ပြည်သူများ ပူးပေါင်းဆောင်ရွက်ရာအမှူဆောင်အရာရှိ ဦးအေးသိန်းနှင့် အနောက်ပိုင်းရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးသိန်းအေးတို့ ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

လှိုင်သာယာမြို့နယ် အမှတ် (၁၂)ရပ်ကွက်တွင် ဩဂုတ် ၁၅ ရက်က သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးနှင့် ရေစီးရေလာကောင်းမွန်ရေးအတွက် ရေမြောင်းများရှင်းလင်းခြင်းကို ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးအောင်သန်း၊ ရပ်မိရပ်ဖများနှင့်ရပ်ကွက်ပြည်သူများ ဩဂုတ် ၁၅ရက်က ဆောင်ရွက်ကြစဉ်။ (မြို့နယ် ပြန်/ဆက်)

မြဝတီရုပ်မြင်သံကြား

၂၂-၈-၂၀၁၁ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၇:၀၄ ၃။ နိုင်ငံတော်သီချင်း
၇:၁၅ ၄။ တရားတော်
၇:၂၀ ၅။ ဓမ္မပူဇာတေး
၇:၂၅ ၆။ မျိုးချစ်တပ်မတော်
၇:၃၀ ၇။ မြန်မာ့ရှုခင်း
၇:၃၅ ၈။ မြန်မာသံစဉ် ချိုနားဝင်
၇:၄၀ ၉။ သာယာသီကြွေး
ခေတ်ဆန်းတေး
၇:၅၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၁ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၄:၀၂ ၃။ နိုင်ငံတော်သီချင်း
၄:၀၅ ၄။ အဖွင့်သီချင်း
၄:၁၀ ၅။ မျိုးချစ်တပ်မတော်
၄:၁၅ ၆။ စိုက်ပျိုးသုတ
၄:၂၅ ၇။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၃၀ ၈။ ပညာပေးဇာတ်လမ်းတို
ချစ်လွန်းလို့
၄:၃၅ ၉။ ဗွီစီဒီကျော်ကြားတေး
၄:၅၀ ၁၀။ သန့်စွာကိုင်လေ စက္ကူငွေ
၅:၀၀ ၁၁။ သာယာသီကြွေး
ခေတ်ဆန်းတေး
၅:၃၀ ၁၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
ဟာသလွင်ပြင်
(အပိုင်း -၂၉)
၆:၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၄။ အမျိုးသားရေးတေးကဗျာ
၆:၂၀ ၁၅။ သံစဉ်လမ်းကလင်းလက်ကြယ်
၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
လမင်းနေမင်း
ကြယ်တစ်စင်း
(အပိုင်း-၄၂)
၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ ဒို့တာဝန်အရေး (၃)ပါး
၂၀။ နိုင်ငံတကာသတင်း
၂၁။ မိုးလေဝသသတင်း
၂၂။ Talk of The Town
၂၃။ မေးမြန်းစူးစမ်း
၂၄။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
၂၅။ ယနေ့ညအတွက်
မြဝတီ၏တေးလက်ဆောင်
၂၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
ရောင်ပြန်မေတ္တာ
(အပိုင်း-၁၁)
၂၇။ Mini series

ဩဂုတ် ၁၂ရက်က စစ်တွေမြို့၌ ရခိုင်ပြည်နယ် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ လုပ်ငန်းများ အသိပေးဆွေးနွေးပွဲ ကျင်းပရာ ပြည်နယ်ကလေးသူငယ် အခွင့်အရေးဆိုင်ရာ ကော်မတီအတွင်းရေးမှူး ပြည်နယ်လူမှုဝန်ထမ်းဦးစီးမှူး ဦးစိုးမင်းက ကော်မတီလုပ်ငန်းများကို ရှင်းလင်းပြောကြားစဉ်။

(ခရိုင် ပြန်/ဆက်)

ဟောလီဝုဒ်တွင် အောင်မြင်နေသော ရုပ်ရှင်မင်းသမီး ဂျက်ဆီကာအယ်လ်ဘာ

မောင်မောင်မြင့်ဆွေ ရေးသားသည်

လော့စ်အိန်ဂျလိစ် ဩဂုတ် ၂၁

ဟောလီဝုဒ်မှာအောင်မြင်မှုရရှိနေတဲ့ အမျိုးသမီးသရုပ်ဆောင်တွေထဲမှာ ဂျက်ဆီကာအယ်လ်ဘာလည်း ထိပ်ဆုံး ၁၀ ဦးထဲမှာ ပါဝင်နေပါတယ်။ စွဲမက်ဖွယ်ရာ မျက်နှာပိုင်ရှင်ဖြစ်တဲ့ ဂျက်ဆီကာအယ်လ်ဘာကို ပရိသပရိသတ်တွေက စွဲစွဲလမ်းလမ်းအားပေးကြတာမို့ ဟောလီဝုဒ်မှာတော့ နာမည်ကျော်ကြားတဲ့ အမျိုးသမီးသရုပ်ဆောင်တစ်ဦး ဖြစ်ပါတယ်။

*အသက် ၃၀ အရွယ်ရှိတဲ့ ဂျက်ဆီကာအယ်လ်ဘာ **(ဝဲပုံ)** ဟာ အသက် ၁၇ နှစ်အရွယ်မှာ Camp Nowhere ဇာတ်ကားနဲ့စတင်ပြီး အနုပညာလောကကို ဝင်ရောက်လာသူဖြစ်ပါတယ်။ အဲဒီရုပ်ရှင်ကားမှာ ပရိသတ်တွေရဲ့အားပေးမှုကို ရရှိခဲ့ပြီး ဇာတ်ကားတွေ ဆက်တိုက်ရိုက်ကူးခဲ့သူပါပဲ။*

ချီးမြှင့်ခြင်းခံရ

ဂျက်ဆီကာအယ်လ်ဘာအောင်မြင်မှုရရှိခဲ့တဲ့ ရုပ်ရှင်ကားတွေကတော့ ၂၀၀၀ ပြည့်နှစ်မှာ ရိုက်ကူးခဲ့တဲ့ The Sleeping Dictionary ၊ ၂၀၀၃ ခုနှစ်မှာ ရိုက်ကူးတဲ့ Honey ဇာတ်ကားနဲ့ Sin City ရုပ်ရှင်ဇာတ်ကားတွေပဲဖြစ်ပါတယ်။ အဲဒီ Sin City ဇာတ်ကားနဲ့ အကောင်းဆုံးရုပ်ရှင်သရုပ်ဆောင်ဆုချီးမြှင့်ခြင်းခံခဲ့ရပါတယ်။

အဲဒီနောက် ၂၀၀၇ ခုနှစ်မှာ ရိုက်ကူးခဲ့တဲ့ The Eye ဇာတ်ကားမှာ ဂျက်ဆီကာအယ်လ်ဘာရဲ့ သရုပ်ဆောင်မှုပြောင်မြောက်တာမို့ ဟောလီဝုဒ်ရဲ့ အကောင်းဆုံးအမျိုးသမီး သရုပ်ဆောင်ဆု ချီးမြှင့်ခြင်းခံရပြန်ပါတယ်။ The Ten၊ Good Luck Chuck၊ Awake ဇာတ်ကားတွေဟာလည်း ပရိသတ်တွေကြား ရေပန်းစားခဲ့တဲ့ ရုပ်ရှင်တွေပဲဖြစ်ပါတယ်။ ဂျက်ဆီကာအယ်လ်ဘာရဲ့ဖခင်ဟာ အမေရိကန်လေတပ်တပ်ဖွဲ့ဝင်တစ်ဦးဖြစ်ပြီး မက္ကဆီကို-အမေရိကန် ကပြားတစ်ဦးဖြစ်ပါတယ်။ မိခင်ဖြစ်သူကတော့ ဒိန်းမတ်နိုင်ငံသူတစ်ဦးဖြစ်ပါတယ်။ ငယ်စဉ်ကတည်းက ပန်းနာရင်ကျပ်ရောဂါရှိသူမို့ ကျန်းမာရေးချူချာသူတစ်ဦးပါပဲ။ အသက် ၁၆ နှစ်မှာ အထက်တန်းကျောင်းပြီးမြောက်အောင် ပညာသင်ကြားခဲ့ပြီး စီးပွားရေးအရ အက်လန်တစ်ကုမ္ပဏီမှာ အလုပ်ဝင်လုပ်ခဲ့ပါသေးတယ်။ အဲဒီကမှ ရုပ်ရှင်လောကကို ဝင်ရောက်လာခဲ့သူဖြစ်ပါတယ်။

ဂျက်ဆီကာအယ်လ်ဘာဟာ ၂၀၀၈ ခုနှစ်မှာ ယောကျ်ားလေးမိတ်ဆွေဖြစ်တဲ့ ကတ်ဝါရင်နဲ့ လက်ထပ်ခဲ့ပြီး ပြီးခဲ့တဲ့ ဩဂုတ် ၁၃ ရက်က ဒုတိယမြောက် ရင်သွေးလေးကို မွေးဖွားခဲ့ပါတယ်။ မကြာခင်မှာ သူမရိုက်ကူးလက်စ ဇာတ်ကားဖြစ်တဲ့ SPY Kids 4 : All the Time in the world ရုပ်ရှင်ကားကို ဆက်လက်ရိုက်ကူးမှာဖြစ်ပါကြောင်း။ ။ ***(အင်တာနက်)***

အချမ်းသာဆုံး ဆယ်ကျော်သက်အနုပညာရှင်အဖြစ် ဂျက်စတင်းဘီဘာနှင့် မိုင်လေဆိုင်ရပ်စ်တို့ဖော်ပြခံရ

လော့စ်အိန်ဂျလိစ် ဩဂုတ် ၂၁

ကနေဒါနိုင်ငံသား ဆယ်ကျော်သက် ပေါ့ပ်အဆိုတော်ဂျက်စတင်းဘီဘာသည် ဟောလီဝုဒ်၌ ဝင်ငွေအကောင်းဆုံးလူငယ် အနုပညာရှင်တစ်ဦးဖြစ်ကြောင်း၊ ၂၀၁၀ ခုနှစ် မေလမှ ၂၀၁၁ ခုနှစ် မေလအတွင်း အနုပညာလုပ်ငန်းများမှဝင်ငွေ အမေရိကန်ဒေါ်လာ ၅၃ သန်းရရှိခဲ့ကြောင်း၊ ထို့ကြောင့် ဟောလီဝုဒ်၏ အချမ်းသာဆုံး လူငယ်အနုပညာရှင်တစ်ဦးအဖြစ် People မဂ္ဂဇင်း၌ ဖော်ပြသည်။

<u>များစွာရရှိ</u>

အသက် ၁၇ နှစ်အရွယ်ရှိ ဂျက်စတင်းဘီဘာ **(အပေါ်ပုံ)**သည် Never Say Never ရုပ်ရှင်ကားမှ ဝင်ငွေအမေရိကန်ဒေါ်လာ သန်း ၁၀၀ အထိ ရရှိခဲ့သည်။ ထို့အတူ တေးအယ်လ်ဘမ်များမှ ဝင်ငွေများစွာရရှိခဲ့သူဖြစ်သည်။

ဟောလီဝုဒ် ဆယ်ကျော်သက်ရုပ်ရှင်သရုပ်ဆောင် အသက် ၁၈နှစ်အရွယ် မိုင်လေဆိုင်ရပ်စ်မှာလည်း ဝင်ငွေအကောင်းဆုံး ထိပ်တန်းအနုပညာရှင်တစ်ဦးအဖြစ် ဖော်ပြခြင်းခံရသည်။ သူမ၏ Best of Both Words ရုပ်ရှင်ကားမှာ ဝင်ငွေအကောင်းဆုံးရရှိခဲ့သည်။ မိုင်လေဆိုင်ရပ်စ်၏ Hannah Montan ဇာတ်ကားမှာဝင်ငွေ အမေရိကန် ဒေါ်လာ ၄၈ သန်းရရှိခဲ့သည်။ ဂျက်စတင်းဘီဘာ၏ မိန်းကလေးမိတ်ဆွေဖြစ်သည့် အနုပညာရှင် ဆီလီနာဂိုမက်စ်မှာ အမေရိကန်ဒေါ်လာ ငါးသန်းဝင်ငွေရှိကြောင်း ၎င်းမဂ္ဂဇင်းက ဖော်ပြသည်။ **(အင်တာနက်)**

ရုပ်ရှင်မင်းသား ဝဲလ်စမစ် ဇာတ်ကားသစ် ရိုက်ကူးနေ

လော့စ်အိန်ဂျလိစ် ဩဂုတ် ၂၁

ကမ္ဘာကျော်ရုပ်ရှင်မင်းသား ဝဲလ်စမစ်*(အောက်ပုံ)****က ၎င်းပါဝင် သရုပ်ဆောင်ထားသော Men in Black III ဇာတ်ကား အပြီးသတ်ရိုက်ကူးနေကြောင်း၊ ယင်းရုပ်ရှင်ကားကိုလာမည့် ၂၀၁၂ ခုနှစ် မေလ၌ ရုံတင်ပြသမည်ဖြစ်ကြောင်း မကြာမီက ထုတ်ဖော်ပြောကြားသည်။***

အသက် ၄၃ နှစ်အရွယ်ရှိ အမေရိကန်ရုပ်ရှင်မင်းသား ဝဲလ်စမစ်သည် ယင်းဇာတ်ကား၌ အေးဂျင့်တစ်ဦးအဖြစ် သရုပ်ဆောင်ထားသော အင်္ဂလိပ်စကားပြောရုပ်ရှင်ဖြစ်သည်။ ဒါရိုက်တာ ဘာရီဆင်နန်ဖီးက ရိုက်ကူးထားခြင်းဖြစ်ပြီး နာမည်ကျော် Men in Black ရုပ်ရှင်ကား၏ ဇာတ်လမ်းတွဲဖြစ်သည်။

၎င်းဇာတ်ကားအား နယူးယောက်မြို့တွင် ၂၀၁၀ခုနှစ် နိုဝင်ဘာ ၁၆ရက်က စတင်ရိုက်ကူးခဲ့ခြင်းဖြစ်ပြီး ရုပ်ရှင်မင်းသားကြီး တွမ်မီလီဂျုန်းစ်က တွဲဖက်ပါဝင်သရုပ်ဆောင်ထားသည်။

(အင်တာနက်)

ကြည့်ရှုစစ်ဆေး

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ပြည်တောင်တန်းရေနံမြေ တွင်းအမှတ်(၁၆၆) စမ်းသပ်ထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (စွမ်းအင်)

ပြည်တောင်တန်းရေနံမြေ တွင်းအမှတ်(၁၆၆) မှ တစ်နေ့လျှင် ရေနံ ၃၃ စည်နှင့် သဘာဝဓာတ်ငွေ့ ကုဗပေ ၉ ဒသမ ၇၃၅ သန်းအထိ ထုတ်လုပ်နိုင်ခဲ့

ရန်ကုန် ဩဂုတ် ၂၁

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးသည် ဩဂုတ် ၂၀ ရက် နံနက်ပိုင်းတွင် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ပြည်တောင်တန်းရေနံမြေ တွင်းအမှတ်(၁၆၆)၏ စမ်းသပ်ထုတ်လုပ်မှုများကို သွားရောက်ကြည့်ရှုစစ်ဆေးရာ ရေနံမြေအထွေထွေမန်နေဂျာက ကနဦး ထုတ်လုပ်ရရှိမှုများကို ရှင်းလင်းတင်ပြပြီး ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ထူးနှင့် တာဝန်ရှိသူများက ဖြည့်စွက်တင်ပြကြသည်။

ထပ်မံတူးဖော်ရှာဖွေ

ထို့နောက် ပြည်ထောင်စုဝန်ကြီးက စမ်းသပ်တွေ့ရှိထားသော ရေနံနှင့်သဘာဝဓာတ်ငွေ့ ခိုအောင်းနေသည့်အလားတူ သဲကြောများအား တွင်းသစ်များ ထပ်မံတူးဖော်ရှာဖွေသွားရန်နှင့် ပြည်ဒေသ၌ ရေနံနှင့်သဘာဝဓာတ်ငွေ့ အလားအလာပိုမိုကောင်းမွန်သည့် ပေနက် “ပျော်ဘွယ် ကျောက်စဉ်စု”များအထိ တူးဖော်စမ်းသပ်နိုင်ရေး ကြိုးပမ်းကြရန် တိုက်တွန်းမှာကြားပြီး တွင်းအမှတ်(၁၆၆)ကို အောင်မြင်စွာ တူးဖော်ခဲ့ကြသော တွင်းတူးအဖွဲ့အား ဂုဏ်ပြုဆုငွေပေးအပ်၍ တွင်းကို ကြည့်ရှုစစ်ဆေးသည်။

တွင်းအမှတ်(၁၆၆)ကို အနက်ပေ ၈၂၀၀ အထိ တူးဖော်ခဲ့ပြီး အနက်ပေ ၇၅၅၀ ရှိ သဲကြောများအား စမ်းသပ်ဖောက်လုပ်ရာ ကနဦးထုတ်လုပ်မှု တစ်နေ့လျှင် ရေနံ ၃၃ စည်နှင့် သဘာဝဓာတ်ငွေ့ ကုဗပေ ၉ ဒသမ ၇၃၅သန်းအထိ ထုတ်လုပ်နိုင်ခဲ့သည်။ ယခုအခါ တွင်းဖိအားနှင့် ထုတ်လုပ်နိုင်မှုကိုထိန်းသိမ်း၍ တစ်နေ့လျှင် သဘာဝဓာတ်ငွေ့ ကုဗပေ ၄ ဒသမ ၅ သန်းသာ ထုတ်ယူပြီး အမှတ်(၁) စက်မှုဝန်ကြီးဌာန၏ ကြံခင်းဘိလပ်မြေစက်ရုံသို့ ပို့လွှတ်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကချင်ပြည်နယ် ခေါင်လန်ဖူးမြို့နယ် ခရန်ထီဒမ်းကျေးရွာ၌ KIA အဖွဲ့က မီးရှို့ဖျက်ဆီး

နေပြည်တော် ဩဂုတ် ၂၁

ကချင်ပြည်နယ် ခေါင်လန်ဖူးမြို့နယ် ခရန်ထီဒမ်းကျေးရွာရှိ နေအိမ် ၂၂ လုံးအား ဩဂုတ် ၁၃ ရက်တွင်လည်းကောင်း၊ နေအိမ် ၁၀ လုံးနှင့် အခြေခံပညာမူလတန်းကျောင်း တစ်ကျောင်းတို့အား ဩဂုတ် ၁၉ ရက်တွင်လည်းကောင်း KIA အဖွဲ့က မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

စီစဉ်ဆောင်ရွက်ပေး

KIA အဖွဲ့၏ ယင်းလုပ်ရပ်များကြောင့် ခရန်ထီဒမ်းကျေးရွာမှ ရွာသူ ရွာသား စုစုပေါင်း ၆၆ ဦးတို့သည် လဂျာကျေးရွာသို့ ထွက်ပြေးခဲ့ကြရကြောင်းနှင့် ၎င်းတို့အား လဂျာကျေးရွာ၌ နေထိုင်စားသောက်ရေးနှင့် မူလတန်းကျောင်းသားများ ပညာသင်ကြားနိုင်ရေးတို့အတွက် တာဝန်ရှိသူများက အစစ အဆင်ပြေအောင် စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် တာလောကြီးကျေးရွာရှိ ကြိုးတံတား၌ ပေါက်ကွဲမှုဖြစ်ပွား

နေပြည်တော် ဩဂုတ် ၂၁

ဩဂုတ် ၂၀ ရက် ညနေ ၄ နာရီက ဗုံးကိုးလုံးပေါက်ကွဲမှုကြောင့် ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် တာလောကြီးကျေးရွာရှိ မလိချောင်းကြိုးတံတားမှာ လုံးဝပျက်စီးသွားခဲ့ကြောင်း သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်တွင်းငြိမ်းချမ်းရေးကို တည်ဆောက်ကာ နေရာဒေသအနှံ့ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်နေချိန်တွင် ယခုကဲ့သို့ အကြမ်းဖက်အဖျက်လုပ်ရပ်များကြောင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အနှောင့်အယှက်ဖြစ်စေသကဲ့သို့ ဒေသတွင်း ပြည်သူများ၏ စီးပွားရေး၊ ပညာရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေးကဏ္ဍများကိုလည်း များစွာထိခိုက် နစ်နာစေလျက်ရှိကြောင်း၊ အများပြည်သူထိခိုက်ပျက်စီးဆုံးရှုံးမှု မရှိစေရေးအတွက် တာဝန်ရှိသူများက လုံခြုံရေးကိစ္စများကို အလေးထား တာဝန်ယူစောင့်ရှောက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတကာအားကစား နိုင်ငံတကာအားကစား နိုင်ငံတကာအားကစား နိုင်ငံတကာအားကစား

မြင့်မောင်စိုး စုစည်းသည်

ယူ-၂၀ ကမ္ဘာ့ ဖလားဗိုလ်လုပွဲ ဘရာဇီးတိုက်စစ်မှူး အော်စကာ ဟက်ထရစ်ဂိုးသွင်းယူပြီး ဖလားဆွတ်ခူး

ဘရာဇီးဘောလုံးအသင်း အောင်ပွဲခံ

ယူ-၂၀ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် အနိုင်ရဗိုလ်စွဲသွားသော ဘရာဇီးဘောလုံးအသင်းသားများ ဆုဖလားနှင့်အတူ ဤသို့ အောင်ပွဲခံခဲ့ကြသည်။ (အင်တာနက်ဓာတ်ပုံ)

ဘိုဂိုတာ ဩဂုတ် ၂၁

ယူ-၂၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲဗိုလ်လုပွဲကို ဩဂုတ် ၂၁ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားကြရာ ဘရာဇီးအသင်းက ပေါ်တူဂီအသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

ဘရာဇီးနှင့် ပေါ်တူဂီအသင်းတို့သည် ပွဲစသည်နှင့် တစ်ဖက်နှင့်တစ်ဖက် အကြိတ်အနယ်ယှဉ်ပြိုင်ထိုးဖောက်ကစားကြရာ ပွဲစပြီး ငါးမိနစ်မှာပင် ဘရာဇီးတိုက်စစ်မှူး အော်စကာက အဖွင့်ဂိုးသွင်းယူခဲ့သည်။ ယင်းဂိုးကို ပေါ်တူဂီကစားသမား အဲလက်စ်က ပွဲချိန်ကိုးမိနစ်တွင် ချေပဂိုးသွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် ပေါ်တူဂီတို့က ဦးဆောင်ဂိုးစသွင်းသည်။ ပွဲချိန် ၅၉ မိနစ်တွင် နယ်လ်ဆင်အိုလီဗာရာက ပေါ်တူဂီအသင်းအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့ခြင်းဖြစ်သည်။ ယင်းဂိုးကို ဘရာဇီး တိုက်စစ်မှူး အော်စကာက ပွဲချိန် ၈၇ မိနစ်တွင် ပြန်လည်ချေပဂိုးသွင်းယူသည်။ ပုံမှန်ကစားချိန်တွင် တစ်ဖက်နှင့်တစ်ဖက် နှစ်ဂိုးစီသွင်းယူခဲ့ကြသဖြင့် သရေပွဲဖြစ်ကာ အချိန်ပိုကစားခဲ့ရသည်။ အချိန်ပိုတွင် ဘရာဇီးတိုက်စစ်မှူး အော်စကာကပင် ဘရာဇီးအသင်းအတွက် အနိုင်ဂိုးသွင်းယူခဲ့သည်။ ပေါ်တူဂီတို့ အချိန်ပိုတွင် ဘရာဇီးကို ပြန်လည်ချေပနိုင်စွမ်းမရှိတော့သဖြင့် ယခုနှစ် ယူ-၂၀၏ ချန်ပီယံမှာ ဘရာဇီးအသင်းဖြစ်လာတော့သည်။ မက္ကဆီကိုအသင်းနှင့် ပြင်သစ်အသင်းတို့ တတိယနေရာလုပွဲအဖြစ် ယှဉ်ပြိုင်ကစားကြရာ မက္ကဆီကိုအသင်းက သုံးဂိုး- တစ်ဂိုးဖြင့်နိုင်ပြီး တတိယဆု ဆွတ်ခူးနိုင်ခဲ့သည်။ ***(အင်တာနက်)***

[illegible]

ကမ္ဘာ့နံပါတ်တစ် တင်းနစ် ကစားသမား ဒီဂျိုကိုဗစ်၏ တင်းနစ် ကစားဟန်။

အိုဟိုင်းယိုး ဩဂုတ် ၂၁

အမေရိကန်နိုင်ငံ အိုဟိုင်းယိုးပြည်နယ် ဆင်ဆင်နာတီမြို့၌ ဩဂုတ်၁၃ ရက်မှ ၂၁ ရက်အထိ Western & Southern Open တင်းနစ် ပြိုင်ပွဲကြီး ကျင်းပလျက်ရှိရာ အမျိုးသား တစ်ဦးချင်း အကြိုဗိုလ်လုပွဲ တွင် ဗြိတိသျှ တင်းနစ်ကစားသမားအင်ဒီမာရေးက အမေရိကန်တင်းနစ် ကစားသမား မာဒီဖစ်အားအနိုင်ရပြီးဗိုလ်လုပွဲသို့ တက်ရောက်သွားပြီဖြစ်သည်။

အင်ဒီမာရေးသည် ပြိုင်ဘက်မာဒီဖစ်အား၆-၃၊ ၇-၆(၁၀-၈) ဖြင့် အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။ မာရေးသည် ဗိုလ်လုပွဲတွင် ကမ္ဘာ့နံပါတ်တစ် တင်းနစ်ကစားသမား ဒီဂျိုကိုဗစ်နှင့် ကစားရမည်ဖြစ်သည်။

အမျိုးသမီးဗိုလ်လုပွဲတွင် ရုရှားတင်းနစ်မယ် ရှာရာပိုဗာနှင့် ဆားဘီးယားတင်းနစ်မယ် ဂျီလီနာဂျန်ကိုဗစ်တို့ ကစားရမည်ဖြစ်သည်။ ရှာရာပိုဗာသည် အကြိုဗိုလ်လုပွဲတွင် ဇွန်နာရေးဗားအား ၂-၆၊ ၆-၃၊ ၆-၃ ဖြင့် နိုင်ပြီး ဗိုလ်လုပွဲသို့ တက်ရောက်လာခြင်းဖြစ်သည်။ ရှာရာပိုဗာသည် ယခုနှစ်အတွင်း ဒုတိယမြောက်ဖလား ဆွတ်ခူးရန် ကြိုးစားလျက်ရှိသည်။ သူမသည် ယခုနှစ်စောစောပိုင်းက ရောမဖလားကို ဆွတ်ခူးနိုင်ခဲ့သည်။ *(အင်တာနက်)*